မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်၊ ၂၀၀၈ခုနှစ်၊ ဇန်နဝါရီ ၂၁ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၁၃)

မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း)

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် အင်ရောင်းကျေးရွာအနီး၌တည်ရှိပြီး စက်ရုံ၏ထုတ်လုပ်မှုစွမ်းအားမှာ တစ်ခါသုံးဆေးထိုးအပ် သန်း ၃၀၊ 500 ml သွေးကြောသွင်းဆေးရည်ပုလင်း ၂ ဒသမ ၅ သန်းနှင့် ထိုးဆေး သန်း ၅၀ ထုတ်လုပ်နိုင်မည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကျောက်ဆည်စက်မှုနယ်မြေရှိ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး။

(၃) ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။

(၄) နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး။

(၅) အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် တိုင်းရင်းသားအားလုံး ကြိုးပမ်းဆောင်ရွက်ရေး။

(၆) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို များစွာအထောက်အကူပြုမည့် ကျောက်ဆည်စက်မှုနယ်မြေရှိ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း) ဖွင့်လှစ် တစ်ခါသုံးဆေးထိုးအပ်၊ ထိုးဆေးနှင့် သွေးကြောသွင်းဆေးရည်များ ပိုမိုဖြည့်ဆည်းပေးမည်

နေပြည်တော် ဇန်နဝါရီ ၂၀

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယမန်နေ့နံနက်ပိုင်းတွင် မန္တလေးတိုင်း ကျောက်ဆည်မြို့ ကျောက်ဆည်စက်မှုနယ်မြေရှိ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ❐

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ ၂၁ ရက်)

ပြည်သူများ၏ အမျိုးသားအကျိုးစီးပွား မီဒီယာစွမ်းပကားဖြင့် တိုးမြှင့်ဖော်ဆောင်

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတွင် ရုပ်ပိုင်းဘဝဖွံ့ဖြိုးမှုသာမက ပြည်သူတို့၏ စိတ်ပိုင်းဘဝ ဖွံ့ဖြိုးတိုးတက်မှုပါ လိုအပ်လျက်ရှိရာ မှန်ကန်သည့်မီဒီယာဖြင့် အမျိုးသားအကျိုးစီးပွားတိုးတက်အောင် ကြိုးပမ်းဖော်ဆောင်ရန် အရေးကြီးပေသည်။

နိုင်ငံတော်က စာပေလောကတိုးတက်မြင့်မားစေရေးအတွက် စာပေအမျိုးအစားအလိုက် အမျိုးသားစာပေဆုအပါအဝင် စာပေဆုများကို နှစ်စဉ်ချီးမြှင့်ခဲ့ရာ ဆုငွေများလည်း တိုးမြှင့်ချီးမြှင့်လျက်ရှိသည်။ ထို့အတူ ပုဂ္ဂလိကအဖွဲ့အစည်းများက စာပေလောကတိုးတက်စေရန် တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုလျက်ရှိသည်။

စာပေလောကသားများသည် စာပေများရေးသားရာတွင် သုတ၊ ရသ ခံစားမှုနှင့်အတူ အမျိုးသားရေး အသိအမြင်၊ အမျိုးသားရေး ဂုဏ်သတ္တိစွမ်းအားများဖြစ်ပေါ်စေရေး ကြိုးပမ်းအားထုတ်ကြရမည် ဖြစ်သည်။ သို့မှသာ စာဖတ်သူများသည် စာပေကပေးသော ယဉ်ကျေးမှု၊ ဗဟုသုတ အသိအမြင်များကို အကျိုးရှိစွာ ရယူနိုင်ကြမည်ဖြစ်သည်။

စာပေသည် မှန်ကန်သည့်အလင်းရောင်ကို ဆောင်ကြဉ်းပေးသောအရာဖြစ်သည်။ စာပေလက်နက်သည် စွမ်းအားထက်မြက်သည်။ စာပေအမြင်ကွယ်ပျောက်လျှင် ဘဝအလင်းရောင် ကွယ်ပျောက်နိုင်သကဲ့သို့ ပြည်သူများ အတွေးမှန်၊ အမြင်မှန်၊ အသိမှန်ဖြင့် မှန်ကန်သော အလင်းရောင်ရရှိစေရန် စာပေစွမ်းအားဖြင့် ဖော်ဆောင်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူများ အသိအမြင်ပြည့်ဝပြီး အမျိုးသားအကျိုးစီးပွားကို ဆတက်ထမ်းပိုး ကြိုးပမ်းထမ်းဆောင်နိုင်ရေးအတွက် စာပေပညာရှင်များ၊ စာပေလောကသားများအနေဖြင့် မီဒီယာစွမ်းပကားကို တိုးမြှင့်ဖော်ဆောင်ကာ ရှေ့ဆောင်သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သဒ္ဓမ္မရံသီရိပ်သာ သုံးထပ်သံဃာဆောင်သစ် ရေစက်ချမင်္ဂလာအခမ်းအနား ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၀

အမှတ်(၇)ဇေယျာခေမာလမ်း ၈မိုင် မရမ်းကုန်းမြို့နယ် သဒ္ဓမ္မရံသီရိပ်သာအတွင်း၌ တည်ဆောက်ပြီးစီးခဲ့သော သုံးထပ်သံဃာဆောင်သစ်ကြီး ရေစက်ချမင်္ဂလာအခမ်းအနားကို ၁၃၆၉ခုနှစ် ပြာသိုလပြည့်ကျော် ၆ရက် (ဇန်နဝါရီ ၂၈ရက်) နံနက် ၉နာရီတွင် သိမ်တော်ကြီးအပေါ်ဆုံးထပ်၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များနှင့် ယောဂီဓမ္မမိတ်ဆွေများ တက်ရောက်ကြပါရန် ဝေယျာဝစ္စအဖွဲ့က ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲ ယှဉ်ပြိုင်နိုင် ဇန်နဝါရီ ၃၁ရက် နောက်ဆုံးထား ပေးပို့

ရန်ကုန် ဇန်နဝါရီ ၂၀

မြန်မာနိုင်ငံဓာတ်ပုံအသင်းကို ၁၉၅၀ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၁၉၆၂ခုနှစ်မှစတင်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲကို ကျင်းပခဲ့ရာ တစ်နိုင်ငံလုံးရှိ ဓာတ်ပုံဝါသနာရှင်များ၊ ပညာရှင်များ ယှဉ်ပြိုင်ခဲ့ကြသည်။ ၁၉၆၃ခုနှစ် ဒုတိယအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲကို ဘယ်လ်ဂျီယံနိုင်ငံသို့ ပေးပို့အကဲဖြတ်စေပြီး ဘယ်လ်ဂျီယံနိုင်ငံ ဂဲဗာတ်(GEVERT) ကုမ္ပဏီ၏ ပံ့ပိုးမှုဖြင့် ဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

၁၉၉၅ခုနှစ်မှ စတင်၍ Best Photographer of the Year ဆု (အကောင်းဆုံး ဓာတ်ပုံပညာရှင်ဆု)ရွေးချယ်၍ ဆုချီးမြှင့်ခဲ့ပြီး ယခုနှစ်တွင် (၄၄)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲကို ကျင်းပမည်ဖြစ်၍ အဆိုပါပြိုင်ပွဲတွင် Best Photographer of the Year 2007 (၂၀၀၇ ခုနှစ်အတွက် အကောင်းဆုံးဓာတ်ပုံပညာရှင်ဆု)ကို ငွေကျပ် ရှစ်သိန်း ချီးမြှင့်မည်ဖြစ်သည်။

ချီးမြှင့်သွားမည်

ယင်းပြိုင်ပွဲတွင် ရှုချင်စဖွယ်ကဏ္ဍ(အဖြူ၊ အမည်း)၊ ရှုချင်စဖွယ်ကဏ္ဍ(ဆေးရောင်စုံ)၊ လူပုံကဏ္ဍ Portraiture၊ သဘာဝလေ့လာချက်ကဏ္ဍနှင့် စိတ်ကြိုက်ဒီဂျစ်တယ်ကဏ္ဍဟူ၍ ကဏ္ဍငါးခုပါဝင်မည်ဖြစ်ပြီး တစ်ကဏ္ဍလျှင် ပထမဆု ငွေကျပ်တစ်သိန်း၊ ဒုတိယဆု ငွေကျပ်ခုနစ်သောင်းငါးထောင်၊ တတိယဆု ငွေကျပ်ငါးသောင်း၊ နှစ်သိမ့်ဆု(၁) ငွေကျပ်သုံးသောင်းငါးထောင်၊ နှစ်သိမ့်ဆု(၂)နှင့် နှစ်သိမ့်ဆု(၃)တို့အား ငွေကျပ်နှစ်သောင်းစီ တို့ကို ချီးမြှင့်သွားမည်ဖြစ်သည်။

ဆက်သွယ်နိုင်

အသင်းဝင်များ၊ အသင်းဝင်မဟုတ်သည့် ပြင်ပဓာတ်ပုံဝါသနာရှင်၊ ပညာရှင်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲပိတ်ရက်ကို ဇန်နဝါရီ၃၁ရက် ညနေ၅နာရီနောက်ဆုံးထား၍ အမှတ်(၂၇/၂၉)၊ ၃၅လမ်းအောက် ကျောက်တံတားမြို့နယ် ရန်ကုန်တိုင်းသို့ ပေးပို့ကြရန်နှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၃၇၃၁၆၇ သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မိဘနှစ်ပါး၊ အစ်မနှင့် ခင်ပွန်းဗိုလ်မှူးအောင်ဆန်းသူရိယ အေးချိုတို့အားရည်စူး၍ ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ၅၁လမ်း အမှတ် ၉၃နေ ဒေါ်တင်တင်အုန်း(မော်ကွန်းဝင်တတိယဆင့်)၏ ၈၉ နှစ်ပြည့်မွေးနေ့အလှူအဖြစ် ဒဂုံမြို့နယ် အမှတ်၁၂ စကားဝါလမ်း မင်းကွန်းတိပိဋကဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်နှစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန)ဥက္ကဋ္ဌဦးကျော်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၁-၂၀၀၈(တနင်္လာနေ့)

AM & PM

၇:၀၀ -	၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ -	၁:၀၅	**အသေလှတဲ့သူ** တရားတော် (ဒုတိယပိုင်း)(ဆရာတော် အရှင်ဆန္ဒာဓိက)
၇:၅၀ -	၁:၅၀	Soccer Update
၈:၀၅ -	၂:၀၅	တေးဂီတအစီအစဉ်
၈:၁၅ -	၂:၁၅	ရန်အောင်မြင်ဟု တည်ထား ပူဇော် နတ်လူသာဓုခေါ်စေသောဝ်
၈:၃၀ -	၂:၃၀	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၈:၅၀ -	၂:၅၀	တေးဂီတအစီအစဉ်
၈:၅၅ -	၂:၅၅	စပါးခွံများဖြင့် လင်းလက်စေသည်
၉:၁၅-	၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-	၃:၂၅	အောင်မြင် ရှင်သန်နေသော ရော်ဘာစိုက်ခင်းရရှိရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများ
၉:၃၅-	၃:၃၅	တေးဂီတအစီအစဉ်
၉:၄၀-	၃:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၄၅-	၃:၄၅	MRTV-4 ကျန်းမာရေးကဏ္ဍ (ခံတွင်း ကင်ဆာရောဂါ အကြောင်း) (ပါမောက္ခ ဒေါက်တာဦးကိုကိုမောင်နှင့် တွေ့ဆုံခြင်း)
၁၀:၁၀-	၄:၁၀	မိုးလေဝသခန့်မှန်းချက်
၁၀:၁၅-	၄:၁၅	အကွက်လှလှ အဆင်ဆန်း မြန်မာ့ချည်ထည်ရက်ကန်း
၁၀:၃၀-	၄:၃၀	တေးဂီတအစီအစဉ်
၁၀:၃၅-	၄:၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၄၅-	၄:၄၅	ပြည်တွင်းအခွန်များဦးစီးဌာန အကြောင်း သိကောင်းစရာ (တံဆိပ်ခေါင်းခွန်)
၁၁:၀၀-	၅:၀၀	တေးဂီတအစီအစဉ်
၁၁:၀၅-	၅:၀၅	Movie Mistakes (Speed)
၁၁:၂၀-	၅:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၅ -	၅:၂၅	ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအကြောင်း သိကောင်းစရာ (ဒေါက်တာ ခင်မောင်လွင်၊ ဒေါက်တာစိုးလွင်ငြိမ်း)
၁၁:၅၀-	၅:၅၀	MRTV-4 စာအုပ်စင်ကဏ္ဍ [မသန်းသန်း(မန်းတက္ကသိုလ်) နှင့် တွေ့ဆုံခြင်း]
၁၂:၁၀-	၆:၁၀	တေးဂီတအစီအစဉ်
၁၂:၁၅-	၆:၁၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (ဓမ္မာသောက အင်းဝရာဇာ)
၁၂:၄၅-	၆:၄၅	ထူးထူးခြားခြား ရာသီဥတုဖြစ်စဉ်များ
၁:၀၀ -	၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

နံနက်	ပွဲစဉ်	ပြသမည့်လိုင်း
၂:၂၄	Liverpool-Aston Villa	ESPN (Live)

Africa Cup of Nations (2008) ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉:၃၀	Namibia-Morocco	Euro Sports (Live)
၁၁:၃၀	Nigeria-Ivory Coast	Euro Sports (Live)
၂:၀၀	Mali-Benin	Euro Sports (Live)

မြဝတီရုပ်မြင်သံကြား

၂၁-၁-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄:၂၀	၄။	ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄:၃၅	၅။	ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄:၅၀	၆။	မျိုးချစ်တပ်မတော်
၅:၀၀	၇။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၂၀	၈။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅:၃၀	၉။	ဗွီစီဒီကျော်ကြားတေးများ
၅:၄၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆:၃၅	၁၄။	လျှပ်တစ်ပြက်
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း-၆၄)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	မေးမြန်းစူးစမ်း
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပြည်ချစ်သူရဲကောင်း** (အပိုင်း-၂၆)

စမ်းချောင်းမြို့နယ် ပန်းလှိုင်အာရုံတော်ဝတ်အသင်း (ဓမ္မာရုံ)မှ အတုလာဓိပတိ မဟာမုနိသကျကိုးထပ်ကြီးဘုရား ရွှေသင်္ကန်းတော်အတွက် အသင်းဥက္ကဋ္ဌ ဦးအောင်တင်နှင့် အမှုဆောင်များက ဂေါပကအဖွဲ့သို့ (၃၃)ကြိမ်မြောက် အလှူငွေကျပ် ၁၃၉၀၀၀၀ ကို ပေးအပ်လှူဒါန်းစဉ်။ (၁၀၃)

မကောင်းသောစိတ်၏ခေရာ

စိတ်သည် အရာရာကိုဦးဆောင်၏။ တစ်စုံတစ်ယောက်သောသူသည် မကောင်းသောစိတ်အကြံဖြင့် ဝစီကံ ပြောဆိုခြင်း၊ ကာယကံ ပြုလုပ်ခြင်းတို့ကြောင့် ထိုသူ၏နောက်သို့ (လှည်းဘီးစက်ဝန်းသည် ဝန်ဆောင်သောနွား၏ခြေရာနောက်သို့ အစဉ်လိုက်ဘိသကဲ့သို့) ဒုက္ခဆင်းရဲသည် အစဉ်လိုက်လေ၏။

(ဓမ္မပဒ ၁)

ပရိသတ်တွေ သိစေ၊ မြင်စေချင်တဲ့ အကြောင်းအရာများ မြိတ်ကျွန်းစု၏ သဘာဝအလှအပများကို ရှုမြင်ခံစားရမည်

လွင်မိုးခရီးသွားနေသည်(မြိတ်ကျွန်းစုဆီသို့)ပရိုဂရမ်ရိုက်ကူးတော့မည်

ခရီးသွားအနုပညာသတင်း–မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း–တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၂၀

ပရိသတ်တွေ စိတ်ဝင်စားနေတဲ့ လွင်မိုးခရီးသွားနေသည် ပရိုဂရမ် အသစ် "မြိတ်ကျွန်းစုဆီသို့" ခရီးစဉ်နဲ့ပတ်သက်ပြီး မီဒီယာရှင်းလင်းပွဲ တစ်ရပ်ကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းမှာရှိတဲ့ ကုန်သည်ကြီးများဟိုတယ် ပထမထပ်မှာ ယနေ့ နံနက် ၉နာရီက ကျင်းပခဲ့ပါတယ်။

ဟာသသရုပ်ဆောင် မေတ္တာ အခမ်းအနားမှူးပြုလုပ်၍ ချစ်ဦးညိုက အဖွင့်အမှာစကားပြောကြားပြီးတဲ့နောက်မှာ သရုပ်ဆောင်လွင်မိုးက **လွင်မိုး ခရီးသွားနေသည် (မြိတ်ကျွန်းစုဆီသို့)** ဆိုတဲ့ ပရိုဂရမ်နဲ့ ပတ်သက်ပြီး ရှင်းလင်းပြောပြပါတယ်။

"ဒီပရိုဂရမ်ကို အင်္ဂလိပ်စာတန်းထိုးပြီး နိုင်ငံတကာ ရုပ်ရှင်ပွဲတော်တွေ အထိ စီစဉ် ထားပါတယ်"

ရုပ်ရှင်သရုပ်ဆောင် ဆွေဇင်ထိုက်

လေ့လာပြင်ဆင်

အကယ်ဒမီလွင်မိုးဟာ ပထမဦးဆုံး ခရီးသွား ပရိုဂရမ်အဖြစ် ချင်းပြည်နယ်ခရီးစဉ်ကို သွားရောက်လေ့လာ ရိုက်ကူးခဲ့တာဟာ သူ့အတွက် မြေစမ်းခရမ်းပျိုး ရိုက်ကူးခဲ့တာဖြစ်လို့ ဒီတစ်ကြိမ်မှာတော့ သေသေချာချာ လေ့လာပြင်ဆင် ရိုက်ကူးသွားမယ်လို့ ဆိုပါတယ်။

သူက **မြိတ်ကျွန်းစုဆီသို့** ဆိုတဲ့ ပရိုဂရမ်ရိုက်ကူးဖို့ ပထမ စိုးရိမ်မိခဲ့ပေမယ့် လိုအပ်တဲ့ စာအုပ်စာတမ်းတွေကို ဖတ်ရှုလေ့လာပြီးတဲ့နောက်ပိုင်းမှာ ယုံကြည်မှုတွေ ရှိခဲ့တယ်လို့ ပြောပြပါတယ်။ ပထမအစီအစဉ် ရိုက်ကူးစဉ်ကလည်း ကိုယ်ပိုင်ဟန်ရအောင် ရိုက်ကူးခဲ့သလို အခု အစီအစဉ်မှာလည်း ကိုယ်ပိုင်ဟန်ရအောင် ကြိုးစားရိုက်ကူးမယ်လို့ ရှင်းပြပါတယ်။

ဘုရင့်နောင်အငူ

ကိုလွင်မိုးအနေနဲ့ ဒီပရိုဂရမ်ကို ဘယ်ကစပြီး ရိုက်ကူးမလဲဆိုတာနဲ့ ပတ်သက်ပြီး "ပထမဦးဆုံး ရေးမြို့အထွက်က စတင်ရိုက်ကူးမှာဖြစ်ပြီး ထားဝယ်၊ မြိတ်၊ တနင်္သာရီမြို့တွေက တစ်ဆင့် စက်လှေနဲ့ ခရီးဆက်ကာ ပန်လုံးအော်ကျွန်းမှာလည်း ရိုက်ကူးမှာဖြစ်ကြောင်း၊ အဲဒီကမှတစ်ဆင့် စခန်းသစ်–ဆလုံရွာ၊ ဝါးကျွန်းနဲ့ကော့သောင်းမြို့တွေမှာလည်း ရိုက်ကူးသွားမှာဖြစ်ကြောင်း၊ **လွင်မိုးခရီးသွားနေသည် (မြိတ်ကျွန်းစုများဆီသို့)** ဆိုတဲ့ပရိုဂရမ် အဆုံးဟာ ကော့သောင်းမြို့မှာရှိတဲ့ ဘုရင့်နောင်အငူမှာ အဆုံးသတ်မှာဖြစ်ကြောင်း" ပြောပြသွားပါတယ်။

ရိုက်ကူး

ဒီပရိုဂရမ်မှာ ပရိသတ်တွေ သိစေ၊ မြင်စေချင်တဲ့ အကြောင်းအရာတွေကို ရိုက်ကူးသွားမှာ ဖြစ်တဲ့အပြင် ပြည်သူတွေ မြင်ရ၊ တွေ့ရခဲ့တဲ့ နေရာတွေကိုလည်း ရိုက်ကူးပြသသွားမှာဖြစ်ပါတယ်လို့လည်း ရှင်းပြပါတယ်။ တနင်္သာရီကျွန်းမှာ မျက်နှာပြင်ပေ၈၀၀ ကျော်ရှိတဲ့ ကျောက်နံရံပြားကြီးတွေက အစ ကျောက်တောင် နံရံတစ်ခုမှာ လွန်ခဲ့တဲ့နှစ်ပေါင်း ၆၀၀၀ လောက်က ရေးခဲ့တဲ့ နံရံဆေးရေးပန်းချီ အကြောင်းတွေပါ ရိုက်ကူးသွားမှာဖြစ်တယ်လို့ ဆိုပါတယ်။

လွင်မိုးခရီးသွားနေသည် (မြိတ်ကျွန်းစုဆီသို့) ပရိုဂရမ်နှင့်ပတ်သက်၍ သရုပ်ဆောင်လွင်မိုးက ဤသို့ ရှင်းပြခဲ့သည်။ (မြန်မာ့အလင်း)

စောင့်မျှော်နေ

လွင်မိုးခရီးသွားနေသည် (မြိတ်ကျွန်းစုဆီသို့) ပရိုဂရမ်နဲ့ပတ်သက်ပြီး မီဒီယာရှင်းလင်းပွဲကို တက်ရောက်လာတဲ့ အကယ်ဒမီငြိမ်းမင်းနဲ့ တွေ့ဆုံမေးမြန်းတဲ့အခါ "ခရီးသွားတာတွေကတော့ အများကြီးရှိပါတယ်။ ဒါပေမယ့်

"ကျွန်မတို့လည်း ဒီပရိုဂရမ်ကို အားပေးနေပါတယ်"

ခိုင်သင်းကြည်
ရုပ်ရှင်သရုပ်ဆောင်

"ပရိသတ် စောင့်မျှော်နေပါတယ်လို့ ပြောချင်ပါတယ်"

အကယ်ဒမီငြိမ်းမင်း
ဓာတ်ညွှန်း၊ တွဲဖက်ဒါရိုက်တာ

အဲဒီခရီးသွားတာကို လွင်မိုးနဲ့ ပေါင်းလိုက်တော့ ပရိသတ်တွေပိုပြီး စိတ်ဝင်စားသွားစေတယ်။ပရိသတ်အများအပြားရှိနေတဲ့ သရုပ်ဆောင်တစ်ဦး ခရီးသွားပရိုဂရမ်ကို ကျွန်တော်ကိုယ်တိုင်လည်း စိတ်ဝင်စားတယ်။ လွင်မိုးရဲ့ ခရီးသွားပရိုဂရမ်ကိုကြည့်ပြီး ကိုယ်တိုင် အဲဒီဒေသ ရောက်နေသလို ခံစားရတယ်။ ဒါကြောင့် ခရီး ဆက်သွားပါ ကိုလွင်မိုး၊ ပရိသတ်တွေ စောင့်မျှော်နေပါတယ်လို့ပြောချင်ပါတယ်"လို့ အကယ်ဒမီငြိမ်းမင်းက ပြောပြသွားပါတယ်။

ကြိုဆိုအားပေး

ဒါ့အပြင် မီဒီယာရှင်းလင်းပွဲ တက်ရောက်လာသူ ရုပ်ရှင်သရုပ်ဆောင် ဒေါ်ဆွေဇင်ထိုက်ကိုလည်း **လွင်မိုးခရီးသွားနေသည်(မြိတ်ကျွန်းစုဆီသို့)**ဆိုတဲ့ ပရိုဂရမ်အပေါ် အမြင်ကို မေးတဲ့အခါ "ဒီပရိုဂရမ်ကို အင်္ဂလိပ် စာတန်းထိုးပြီး နိုင်ငံတကာ ရုပ်ရှင်ပွဲတော်တွေအထိ ယှဉ်ပြိုင်ဖို့ စီစဉ်ထားပါတယ်။ ကျွန်မတို့ရဲ့ ရုပ်ရှင်အနုပညာဟာ နိုင်ငံတကာ နယ်ပယ်မှာ ထိုးဖောက်နိုင်တယ်ဆိုတာ ဒီလိုထူးခြားတဲ့ ပရိုဂရမ်တွေလည်း ရှိရမှာဖြစ်ပါတယ်။ ဒါကြောင့် ကြိုဆို အားပေးပါတယ်"လို့ ဖြေကြားသွားပါတယ်။

အားရကျေနပ်

ဒီအခမ်းအနားကို တက်ရောက်လာတဲ့ ရုပ်ရှင်သရုပ်ဆောင် ခိုင်သင်းကြည်ကို မေးမြန်းတဲ့အခါ "ကိုလွင်မိုးရဲ့ ခရီးသွားအစီအစဉ်က သိပ်အားရကျေနပ်ဖို့ ကောင်းပါတယ်။ ထူးခြားဆန်းသစ်တဲ့ ရိုက်ကူးတင်ပြချက်တွေလည်းပါဝင်တော့ ပြည်သူတွေလည်း စိတ်ဝင်စားကြတယ်။ ကျွန်မတို့လည်း ဒီပရိုဂရမ်ကို အားပေးနေပါတယ်" လို့ ပြောပြသွားပါတယ်။

အနုပညာသတင်း

အကယ်ဒမီလွင်မိုးရဲ့ **လွင်မိုး ခရီးသွားနေသည် (မြိတ်ကျွန်းစုဆီသို့)** ဆိုတဲ့ ပရိုဂရမ်ကို ရိုက်ကူးဖို့ ရန်ကုန်မြို့ကစပြီး ဇန်နဝါရီ၂၂ရက် **(မနက်ဖြန်)**မှာ စတင်ထွက်ခွာတော့မှာဖြစ်ပါကြောင်း ခရီးသွားအနုပညာသတင်းအဖြစ် ရေးသားလိုက်ရပါတယ်။ ။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား

အစီအစဉ်

၁၃၆၉ခုနှစ် ပြာသိုလဆန်း ၁၄ ရက် (အဖိတ်နေ့)
၂၁–၁–၂၀၀၈ ရက် (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၀၅	၆။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၈း၁၅	၇။	အတီးပြိုင်ပွဲ
၈း၂၀	၈။	ပိုင်ကျုံရေထိန်းတံခါး
၈း၃၀	၉။	International News
၈း၄၅	၁၀။	Grammar made Easy
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	Practice in Reading
၁၆း၄၅	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ရက္ခဗေဒအထူးပြု) (ရက္ခဗေဒ)
၁၇း၀၀	၅။	အကပဒေသာ
၁၇း၁၀	၆။	မြန်မာစာ၊ မြန်မာစကား
၁၇း၂၅	၇။	**နောက်မကျရအောင်** မင်းသူ၊ ကျော်ထူး၊ မိုးပြည့်ပြည့်မောင်၊ ဒေါ်အေးအေးမြင့် (ဒါရိုက်တာ–ကြည်စိုး)
၁၇း၃၅	၈။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
၁၇း၄၅	၉။	တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၁၈း၀၀	၁၀။	ညနေခင်းသတင်း
၁၈း၃၀	၁၁။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၂။	အလှရှာမယ် လှကမ္ဘာဝယ်
၁၉း၀၀	၁၃။	စက်မှုထုတ်ကုန် မုံရွာစက်မှုဇုန်
၁၉း၁၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **မြူခိုးဝေဝေချစ်သက်တည်** (အပိုင်း–၁၆)
၂၀း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်စေတမန်** (အပိုင်း–၁၈)
	၁၉။	နောက်တစ်နေ့အစီအစဉ်
	၂၀။	အစီအစဉ်ပြီး၏။

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ကန်သမ္မတလောင်းများ မဲထောက်ခံရရှိရေး အပြိုင်ကြိုးပမ်း နိုင်ငံစီးပွားရေးအပေါ် ဝေဖန်သုံးသပ်မှုများ ပြုလုပ်

နီဗားဒါး ဇန်နဝါရီ ၂၀

အမေရိကန်သမ္မတ ရွေးကောက်ပွဲအတွက် အကြိုရွေးချယ်ပွဲများကျင်းပလျက်ရှိရာ နီဗားဒါးပြည်နယ်နှင့် တောင်ကာရိုလိုင်းနားပြည်နယ်များတွင် အနိုင်ရရှိရေးအတွက် ရီပတ်ဘလီကင်ပါတီနှင့် ဒီမိုကရက်တစ်ပါတီတို့မှ သမ္မတလောင်းများ (အောက်ပုံ) **အပြိုင်ကြိုးစားလျက်ရှိကြသည်။**

နီဗားဒါးပြည်နယ်တွင် ရီပတ်ဘလီကင်နှင့် ဒီမိုကရက်တစ်ပါတီတို့မှ သမ္မတလောင်းများအနေဖြင့် အပြိုင်ဖြစ်သည့် အနေအထားရှိသော်လည်း တောင်ကာရိုလိုင်နားပြည်နယ်၌မူ ရီပတ်ဘလီကင်တို့က အသာစီးရဖွယ်ရှိသည်။

လျှို့ဝှက်မဲပေး

လာမည့် ဖေဖော်ဝါရီ ၅ ရက်၌ အမေရိကန်နိုင်ငံရှိ ပြည်နယ် ၂၂ခုတို့တွင် သမ္မတရွေးချယ်ပွဲအတွက် မဲဆန္ဒများ ပေးကြရမည်ဖြစ်သည်။ ထိုသို့ မဲပေးရာတွင် လျှို့ဝှက်မဲပေးမှု ပြုလုပ်ကြရမည်ဖြစ်သည်။

သုံးသပ်ဝေဖန်

ယခုအခါ ရှေ့ဆုံးမှပြေးနေသော ဒီမိုကရက်တစ်သမ္မတလောင်း သုံးဦးတို့က အမေရိကန်၏ စီးပွားရေးအပေါ် သုံးသပ်ဝေဖန်မှုများ ပြုလုပ်ကြလျက်ရှိသည်။ ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်းများဖြစ်သည့် ဟီလာရီကလင်တန်နှင့် အိုဘားမားတို့အနေဖြင့် နီဗားဒါးပြည်နယ်၌ အပြိုင်ဖြစ်ဖွယ်ရှိနေသည်။

(အင်တာနက်)

မြေထဲပင်လယ်၏ ရေမျက်နှာပြင် အနှစ်၅၀အတွင်း မီတာဝက်တက်နိုင်

မက်ဒရစ် ဇန်နဝါရီ ၂၀

မြေထဲပင်လယ်**(အောက်ပုံ)** ၏ ပင်လယ်ရေမျက်နှာပြင် လျင်မြန်စွာမြင့်တက်လာသဖြင့် လာမည့် အနှစ်၅၀အတွင်း မီတာဝက် မြင့်တက်လာနိုင်ကြောင်း စပိန်နိုင်ငံရှိ သိပ္ပံပညာရှင်များက သတိပေးလိုက်သည်။

ပြောကြား

၁၉၇၀ပြည့်နှစ်မှစပြီး အဆိုပါပင်လယ်ရေမျက်နှာပြင်မှာ လျင်မြန်စွာမြင့်တက်ခဲ့ကြောင်း စပိန်နိုင်ငံ သမုဒ္ဒရာဆိုင်ရာလေ့လာရေးဌာနမှ သိပ္ပံပညာရှင်များက ပြောကြားသည်။

ယခုအခါ အဆိုပါ ပင်လယ်ကမ်းခြေဒေသများ ပင်လယ်ရေမျက်နှာပြင် အနည်းငယ် မြင့်တက်လာမှု အန္တရာယ်ကို ရင်ဆိုင်နေရပြီဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

မြင့်တက်နေ

မြေထဲပင်လယ်၏ ရေမျက်နှာပြင်သည် ၁၉၉၀ ပြည့်လွန်နှစ်များမှစပြီး တစ်နှစ်လျှင် ၀ ဒသမ ၁ နှင့် ၀ ဒသမ ၄ လက်မအကြား မြင့်တက်နေသည်ဟု စပိန်သိပ္ပံပညာရှင်များ၏ကြေညာချက်တွင် ဖော်ပြသည်။

ပင်လယ်ရေမျက်နှာပြင် အပူချိန်မှာလည်း ၁၉၇၀ ပြည့် လွန်နှစ်များမှစပြီး ၀ ဒသမ ၁၂ စင်တီဂရိတ်မှ ၀ ဒသမ ၅ စင်တီဂရိတ်အထိ မြင့်တက်လာသည်ဟု ဆိုသည်။ **(အင်တာနက်)**

အီရန်နျူကလီးယားကိစ္စ ငြိမ်းချမ်းစွာဖြေရှင်းရေး တရုတ်နိုင်ငံက အပြုသဘောဆောင် ဆွေးနွေးလို

ပေကျင်း ဇန်နဝါရီ ၂၀

တရုတ်နိုင်ငံသည် အီရန်နျူကလီးယားကိစ္စဆွေးနွေးရာတွင် အပြုသဘောဆောင် ဆွေးနွေးသွားရန် လိုလားကြောင်း တရုတ်နိုင်ငံတော်ကောင်စီဝင် တန်ကြားရွှင်က အီရန်နျူကလီးယား ညှိနှိုင်းရေးမှူးချုပ် ဆီးဒ်ဂျာလီလီနှင့် တွေ့ဆုံစဉ် ပြောကြားလိုက်သည်။

တိုးမြှင့်လုပ်ဆောင်

တရုတ်နိုင်ငံအနေဖြင့် အီရန်နျူကလီးယားကိစ္စဖြေရှင်းရာတွင် ငြိမ်းချမ်းစွာ ဖြေရှင်းလိုကြောင်း၊ နိုင်ငံတကာ အသိုင်းအဝိုင်း အနေဖြင့် သံတမန် နည်းလမ်းအရသာ တိုးမြှင့်လုပ်ဆောင်သင့်ကြောင်း တန်က ပြောကြားသည်။

အဖွဲ့အစည်း တစ်ရပ်သည် နျူကလီးယား မပြန့်ပွားရေးစာချုပ်ကို လက်မှတ်ရေးထိုးထားသကဲ့သို့ အီရန်နိုင်ငံအနေဖြင့်လည်း ယင်းအချက်ကို အပြည့်အဝ ထောက်ခံကြောင်း၊ နျူကလီးယား စွမ်းအင်ကို လျှပ်စစ်ဓာတ်အား ထုတ်ယူရန်အတွက်သာ သုံးစွဲမည် ဖြစ်ကြောင်း၊ ဂျာလီလီက ပြောကြားသည်။

ပူးပေါင်းဆောင်ရွက်

ယင်းကိစ္စအတွက် ဇွဲစပ်ဆွေးနွေးခြင်းဖြင့် ပြဿနာကို ပြေလည်အောင် ဖြေရှင်းသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီနှင့်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း အီရန်နိုင်ငံက ပြောကြားသည်။

တိုးတက်လာ

အဆိုပါ နှစ်နိုင်ငံသည် အပြန်အလှန် သဘောထားအမြင်ချင်း ဖလှယ်ကြရာတွင် မကြာသေးသည့် နှစ်များက တရုတ်နိုင်ငံနှင့် အီရန်နိုင်ငံတို့ ဆက်ဆံရေး တိုးတက်လာကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာပူးပေါင်းဆောင်ရွက်လိုကြောင်း တန်က ဆက်လက်ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပါကစ္စတန်၌ ဗုံးခွဲရန် စီစဉ်နေသူများအား ရဲတပ်ဖွဲ့က ဖမ်းဆီးနိုင်ခဲ့

ကရာချိ ဇန်နဝါရီ ၂၀

ပါကစ္စတန်နိုင်ငံ ကရာချိမြို့၌ ဇန်နဝါရီ ၁၉ ရက်က အသေခံဗုံးခွဲ တိုက်ခိုက်ရန် ပြင်ဆင်နေသော အမျိုးသား ငါးဦးကို ပါကစ္စတန်ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်သည်။

ဖော်ပြ

ယင်းတို့အား ရဲတပ်ဖွဲ့က ဇန်နဝါရီ ၁၈ရက်ညမတိုင်မီ ဝင်ရောက်စီးနင်း ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ဖမ်းဆီးခံရသူများသည် ဇန်နဝါရီ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် အကြမ်းဖက်တိုက်ခိုက်သွားရန် စီစဉ်ခဲ့သည်ဟု ထောက်လှမ်းရေး သတင်းများက ဖော်ပြသည်။

(အင်တာနက်)

ကင်ညာ အနောက်ပိုင်း၌ ဆန္ဒပြမှုများဖြစ်ပွား အကြမ်းဖက်မှုများကြောင့် ငါးဦးသေဆုံး

နိုင်ရိုဘီ ဇန်နဝါရီ ၂၀

ကင်ညာနိုင်ငံ အနောက်ပိုင်း ရစ်ဖ်ဗယ်လေပြည်နယ်၌ ပြီးခဲ့သည့်လကကျင်းပခဲ့သော ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး ဆန္ဒပြမှုများ ဇန်နဝါရီ၂၀ ရက်က ဖြစ်ပွားသည့်အပြင် ဗုံးပေါက်ကွဲမှုကြောင့် လူငါးဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့သည်။

ယခုကဲ့သို့ ဗုံးခွဲတိုက်ခိုက်မှုမှာ ရစ်ဖ်ဗယ်လေ ပြည်နယ်တွင်ရှိသော ဒုက္ခသည်စခန်းတစ်ခုကို တိုက်ခိုက်ရေးသမားများက ဝင်ရောက်တိုက်ခိုက် ဗုံးဖောက်ခွဲကြခြင်း ဖြစ်သည်။

ဆော်သြ

အတိုက်အခံများက ကင်ညာ ရွေးကောက်ပွဲကို ပြန်လည်ကျင်းပရန် တောင်းဆိုထားသည်။ ထို့အပြင် မဲဆန္ဒ ပေးမှုကို ပြန်လည်ပြုလုပ်ရန် ဆန္ဒပြ တောင်းဆိုခဲ့ကြသည်။ သမ္မတ ကီဘာကီ၏လုပ်ငန်း၊ ကုမ္ပဏီများကို ဆန့်ကျင်ကြရန်လည်း ဆန္ဒပြသူများက ဆော်သြခဲ့ကြသည်။

ဥရောပသမဂ္ဂ ကော်မရှင်လူကြီး တစ်ဦးဖြစ်သော လူးဝစ်မိုက်ကယ်က ကင်ညာနိုင်ငံရေးအခက်အခဲကိုအတတ်နိုင်ဆုံး ပြေလည်အောင် ညှိနှိုင်းဖြေရှင်းကြရန် တောင်းဆိုခဲ့သည်။

(အင်တာနက်)

ကင်ညာနိုင်ငံ အနောက်ပိုင်း ရစ်ဖ်ဗယ်လေပြည်နယ်၌ ဇန်နဝါရီ ၂၀ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီး လုံခြုံရေးတာဝန်ယူနေကြသည့် ရဲတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အကြမ်းဖက်ကွန်ရက်နှင့် ဆက်နွယ်နေသူများ ဘာစီလိုနာမြို့၌ စပိန်ရဲတပ်ဖွဲ့က ဖမ်းဆီး

ဘာစီလိုနာ ဇန်နဝါရီ ၂၀

စပိန်နိုင်ငံ ဘာစီလိုနာမြို့၌ အကြမ်းဖက်ကွန်ရက်နှင့် ဆက်နွယ်နေသည်ဟု သံသယရှိသူ ၁၄ ဦးအား ဖောက်ခွဲရေး ပစ္စည်းများနှင့်အတူ ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း ဇန်နဝါရီ ၁၉ ရက်၌ အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဖမ်းဆီးခံရ

အဆိုပါ ဖမ်းဆီးခံရသူများတွင် အိန္ဒိယနိုင်ငံမှနှစ်ဦးနှင့် ပါကစ္စတန်မှ ၁၂ ဦး ပါဝင်ကြောင်း စပိန်ပြည်ထဲရေး ဝန်ကြီး အယ်လ်ဖရက်ဒိုပီရက်ဇ်ရူဘယ်ကာဘာက ပြောကြားသည်။

ယင်းအကြမ်းဖက်တိုက်ခိုက်ရေးသမားများသည် ပြင်သစ်၊ ဗြိတိန်နှင့် ပေါ်တူဂီတို့၌ အကြမ်းဖက်တိုက်ခိုက်ရန် ပြင်ဆင်နေကြကြောင်း စပိန်ထောက်လှမ်းရေးအေဂျင်စီများက ပြောကြားသည်။

၎င်းဖြစ်စဉ်သည် ပါကစ္စတန်သမ္မတ ပါဗက်မူရှာရက်ဖ် ဥရောပသို့ခရီးထွက်နေချိန်နှင့်လည်း တိုက်ဆိုင်နေသည်ဟု ဆိုသည်။

မသင်္ကာသူ ၁၄ ဦးကို ဘာစီလိုနာမြို့၌ စပိန်ထောက်လှမ်းရေးအေဂျင်စီနှင့် အစောင့်တပ်များက ပူးပေါင်းဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

ဂါဇာကမ်းမြောင်ဒေသ အကြမ်းဖက်မှုများ အဆုံးသတ်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းတိုက်တွန်း

ဂါဇာ ဇန်နဝါရီ ၂၀

ဂါဇာကမ်းမြောင်ဒေသတွင် အကြမ်းဖက်တိုက်ခိုက်မှုများ အရှိန်မြင့်လာမှုကို အဆုံးသတ်နိုင်ရေး အစီအမံများချမှတ် ကြိုးပမ်းသွားရန် အစ္စရေးနှင့်ပါလက်စတိုင်းတို့အား ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက တိုက်တွန်းလိုက်သည်။

လွန်ခဲ့သော သီတင်းပတ်က ဂါဇာကမ်းမြောင်ဒေသတွင်လူ၃၀ကျော် သေဆုံးခဲ့ရသည်။ ဇန်နဝါရီ ၁၈ရက်က ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးတို့ ပစ်ခတ်သော ဒုံးကျည်တစ်စင်း ဟားမတ်စ်ပြည်ထဲရေးဝန်ကြီးရုံးပေါ်သို့ ကျရောက်ခဲ့မှုကြောင့် **(ယာပုံ)** အမျိုးသမီးတစ်ဦး သေဆုံးပြီး ၄၀ ဒဏ်ရာရရှိခဲ့သည်။

ပြည်ထဲရေးရုံး အဆောက်အအုံသည် ၂၀၀၆ ခုနှစ် ဇူလိုင်လက အစ္စရေးတို့၏ လေကြောင်း တိုက်ခိုက်မှုကြောင့် ပျက်စီးနေသော အဆောက်အအုံဖြစ်သည်။ သို့ရာတွင် အနီးအနား၌ နေထိုင်သူများရှိသည်ဟု ဆိုသည်။

မေတ္တာရပ်ခံ

ဂါဇာမှ အစ္စရေးနိုင်ငံဘက်သို့ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်နေခြင်းကို ချက်ချင်းရပ်တန့်ရန် ပါလက်စတိုင်းတို့အား မစ္စတာဘန်ကီမွန်းက မေတ္တာရပ်ခံလိုက်သည်။

အစီအမံ

မိမိတို့သည် လုံခြုံရေးပြဿနာများအားလုံးကို နားလည် သဘောပေါက်ပါကြောင်း၊ အစီအမံများချမှတ်၍ တုံ့ပြန်ဆောင်ရွက်သွားရန် လိုကြောင်း ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားရေးအဖွဲ့ အတွင်းရေးမှူးချုပ် ဂျွန်ဟောမက်စ်က ပြောကြားသည်။ **(အင်တာနက်)**



အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ဘရာဇီးနှင့် ကျူးဘား တိုးမြှင့်မည်

ဟာဗားနား ဇန်နဝါရီ ၂၀

ဘရာဇီးနှင့် ကျူးဘားနှစ်နိုင်ငံတို့သည် ဇီဝနည်းပညာဖြင့် ဆေးဝါး ထုတ်လုပ်မှုနှင့် စိုက်ပျိုးရေးကဏ္ဍတို့တွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးအတွက် ဘရာဇီးနိုင်ငံသမ္မတအနေဖြင့် ကျူးဘားသို့ရောက်ရှိစဉ် ဇန်နဝါရီ ၁၇ရက်က သဘောတူလက်မှတ် ရေးထိုးသည်။

ကျင်းပ

အဆိုပါ သဘောတူညီမှုကို ကျူးဘားနိုင်ငံ ဟာဗားနားမြို့၌ကျင်းပခဲ့ရာ ၎င်းနှစ်နိုင်ငံအနေဖြင့် ၂၀၀၆ခုနှစ်ကတည်းက ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ခဲ့သည်။

ရေးထိုး

ဘရာဇီးနိုင်ငံပိုင် စွမ်းအင်ဆိုင်ရာ ပက်ထရိုဘရပ်စ်ကုမ္ပဏီနှင့် ကျူးဘားနိုင်ငံ မက္ကဆီကို ပင်လယ်ကွေ့ရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်သည့် လုပ်ငန်းတို့ ပူးပေါင်း၍ စပိန်၊ ကနေဒါ၊ အိန္ဒိယနှင့် မလေးရှားနိုင်ငံတို့၌ ရေနံရှာဖွေတူးဖော်မှုကဏ္ဍ အကျိုးတူဆောင်ရွက်ရေးကို နားလည်မှုစာချွန်လွှာ ရေးထိုးသည်။

ပါဝင်

ကျူးဘားနိုင်ငံမှ စက်ဆီ ထုတ်လုပ်ရောင်းချနိုင်ရေးကိုလည်း ယင်းသဘောတူညီချက်၌ ပါဝင်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အာဖဂန်၌ လမ်းဘေးဗုံးပေါက်ကွဲ ကနေဒါတပ်ဖွဲ့ဝင် ခုနစ်ဦး ဒဏ်ရာရရှိ

အော့တာဝါ ဇန်နဝါရီ ၂၀

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းတွင် ဇန်နဝါရီ၁၈ရက်က လမ်းဘေးဗုံးများပေါက်ကွဲမှုကြောင့် ကနေဒါတပ်ဖွဲ့ဝင်ခုနစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အာဖဂန်နစ္စတန်စစ်ဘက်က ပြောကြားသည်။

ဖောက်ခွဲ

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ် ပန်ဂျာဝါရီခရိုင်တွင် ကင်းလှည့်နေသော ကနေဒါတပ်ဖွဲ့ဝင်များအား လမ်းဘေးဗုံးနှစ်လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ လမ်းဘေးဗုံးပေါက်ကွဲခဲ့မှုမှာ ပန်ဂျာဝါရီခရိုင်အတွင်း နေရာနှစ်ခုတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ကနေဒါတပ်ဖွဲ့ဝင်များအပြင် အာဖဂန်နစ္စတန်တပ်ဖွဲ့ဝင်အချို့လည်း ဒဏ်ရာရရှိခဲ့သည်။

သေဆုံး

ထိုလမ်းဘေးဗုံး ဖောက်ခွဲတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသူ ကနေဒါတပ်ဖွဲ့ဝင်ခုနစ်ဦးအနက် တစ်ဦးသေဆုံးသွားကြောင်း ကနေဒါနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

(အင်တာနက်)

ထိုင်းညွန့်ပေါင်းအစိုးရသစ်ဖွဲ့စည်း ပီပီပီ ပါတီထုတ်ပြန်ကြေညာ

ဗန်ကောက် ဇန်နဝါရီ ၂၀

ထိုင်းနိုင်ငံ၌ ဒီမိုကရေစီစနစ်ထွန်းကားရေး ခြေလှမ်းတစ်ရပ်အဖြစ် မသေချာ၊ မရေရာသော သီတင်းပတ်များ ကုန်ဆုံးစေလျက် ညွန့်ပေါင်းအစိုးရသစ်ကို ထိုင်းပြည်သူ့အာဏာပါတီ (ပီပီပီ)က ကြေညာလိုက်သည်။

ထုတ်ပြန်ကြေညာ

ဒီဇင်ဘာလ ရွေးကောက်ပွဲတွင် မဲအများဆုံးဖြင့် အနိုင်ရရှိခဲ့သော ပီပီပီအား အခြားပါတီများက ဆန့်ကျင်ပြောဆိုနေခြင်းကို တရားရုံးက ပယ်ချလိုက်ပြီးနောက် အထက်ပါကြေညာချက်ကို ထုတ်ပြန်ကြေညာလိုက်ခြင်းဖြစ်သည်။

ပူးပေါင်းဆောင်ရွက်

ပီပီပီ ပါတီနှင့်အတူ အခြားပါတီငယ်ငါးခုကလည်း လာရောက်ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ပြောကြား

အဆိုပါ ညွန့်ပေါင်းအစိုးရသည် နိုင်ငံရေး လိပ်ခဲတည်းလည်း ဖြစ်နေခြင်းကို ကျော်လွှားပြီး တရားမျှတသော အစိုးရသစ်တစ်ရပ်ကိုဖန်တီးဖော်ဆောင်သွားမည်ဖြစ်ကြောင်းပီပီပီခေါင်းဆောင် ဆာမက်ဆွန်ဒါရာဗီက **(ယာပုံ)** ဇန်နဝါရီ ၁၉ရက် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

ကျော်ကြား

မစ္စတာဆာမက်သည် ၁၉၉၅ခုနှစ်က မစ္စတာသက်ဆင်၏ ဝန်ကြီးအဖွဲ့တွင် ဒုတိယဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ၎င်းသည် ထိုင်းနိုင်ငံ၏စီးပွားရေးတိုးတက်အောင် ဆောင်ရွက်မည်ဟု ကတိပြုခဲ့ခြင်းကြောင့် ရွေးကောက်ပွဲတွင် ရေပန်းစား ကျော်ကြားလာခဲ့သည်။ **(အင်တာနက်)**

လေကြောင်းပြပွဲ၌ပါဝင်ပြသ

စင်ကာပူနိုင်ငံ လေတပ်အခြေစိုက်စခန်းတွင် လာမည့်လအတွင်း လေကြောင်းပြပွဲ၌ ပါဝင်ပြသမည့် လေယာဉ်များကို ဇန်နဝါရီ ၁၉ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အင်တာနက်အသုံးပြုသူများ တရုတ်၌များပြား ကမ္ဘာပေါ်၌ အွန်လိုင်းအများဆုံးသုံးသည့် နိုင်ငံဖြစ်လာ

ပေကျင်း ဇန်နဝါရီ ၂၀

တရုတ်နိုင်ငံတွင် ၂၀၀၇ခုနှစ် အကုန်က အင်တာနက်အသုံးပြုသူဦးရေ သန်း၂၁၀ရှိခဲ့ပြီး ယခုနှစ်စတွင် ကမ္ဘာပေါ်၌ အွန်လိုင်းအသုံးပြုသူဦးရေ အများဆုံးနိုင်ငံဖြစ်လာသည်။

တရုတ်အင်တာနက်ကွန်ရက် ပြန်ကြားရေးဗဟိုဌာန(စီအိုင်အင်န်အိုင်စီ)၏ ဝက်ဘ်ဆိုက်က ဇန်နဝါရီ ၁၇ရက်တွင် ထုတ်ပြန်သော စာရင်းများအရ တရုတ်နှင့်အမေရိကန်နိုင်ငံတို့အကြား အင်တာနက်အသုံးပြုသူဦးရေ ကွာဟမှုမှာ ငါးသန်းမျှသာရှိကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ အင်တာနက်အသုံးပြုနိုင်မှုသည် ၁၆ရာခိုင်နှုန်းသို့ တိုးတက်ခဲ့သည်။ သို့သော်လည်း တစ်ကမ္ဘာလုံး ပျမ်းမျှ အင်တာနက် အသုံးပြုသူ ၁၉ဒသမ ၁ရာခိုင်နှုန်းအောက် နိမ့်ကျလျက်ပင် ရှိသေးသည်။

ယခင်နှစ်က တရုတ်နိုင်ငံတစ်ဝန်း အင်တာနက်အသုံးပြုသူဦးရေ ၇၃သန်း ထပ်မံတိုးပွားလာခဲ့သည်။ တိုးလာသည့်လူဦးရေ၏ ၄၀ရာခိုင်နှုန်း ဖြစ်သည့် ၂၉ဒသမ၁၇သန်းသည် ကျေးလက်များတွင် နေထိုင်ကြသူများဖြစ်သည်။ ဤသို့တိုးလာမှုကြောင့် ၂၀၀၇ခုနှစ်အကုန်က ကျေးလက်အင်တာနက်အသုံးပြုသူ ၅၂ဒသမ၆၂သန်း ရှိခဲ့ပြီဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကင်ညာအစိုးရ ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံမည်မဟုတ် အတိုက်အခံခေါင်းဆောင် အိုဒင်ဂါ ပြောကြား

နိုင်ရိုဘီ ဇန်နဝါရီ ၂၀

ကင်ညာသမ္မတ ကီဘာကီက ကင်ညာအစိုးရအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန် ကမ်းလှမ်းချက်ကို အတိုက်အခံခေါင်းဆောင် ရေးလာအိုဒင်ဂါက ဇန်နဝါရီ၁၉ရက်၌ ပယ်ချလိုက်သည်။

ဗန်းပြလုပ်ဆောင်

ကင်ညာသမ္မတ ကီဘာကီအနေဖြင့် ယခုကဲ့သို့တွေ့ဆုံဆွေးနွေးမှု လုပ်ရပ်သည် ကင်ညာပြည်သူအပေါ် ထင်ယောင်ထင်မှားဖြစ်စေရန် ဗန်းပြလုပ်ဆောင်မှု တစ်ရပ်သာဖြစ်ကြောင်း အိုဒင်ဂါက ပြောကြားသည်။

ပြောကြား

အဆိုပါ ကင်ညာအစိုးရအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးရမည့် အချိန်လည်း မဟုတ်ကြောင်း၊ ကင်ညာဒုတိယ သမ္မတ ကာလွန်ဇိုမူစယိုကာ ဦးဆောင်မည့် ကင်ညာအစိုးရ ကိုယ်စားလှယ်အဖွဲ့နှင့် မိမိတွေ့ဆုံမည်မဟုတ်ကြောင်း မစ္စတာ အိုဒင်ဂါက ပြောကြားခဲ့သည်။

တွေ့ဆုံဆွေးနွေး

ကင်ညာနိုင်ငံတွင် ဖြစ်ပွားနေသော လက်ရှိအကျပ်အတည်းကို တွေ့ဆုံဆွေးနွေးမှုဖြင့် ဖြေရှင်းနိုင်မည် မဟုတ်ကြောင်း၊ ထို့ကြောင့် ကင်ညာအစိုးရ ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးမည်မဟုတ်ကြောင်း အိုဒင်ဂါက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

ကင်ညာအစိုးရအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန် ကမ်းလှမ်းချက်ကို ပယ်ချလိုက်သော အတိုက်အခံခေါင်းဆောင် ရေးလာအိုဒင်ဂါ(ဝဲ)ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

သတင်းမှပေးသော အသိနှင့်သတိပြုဖွယ်

စုစည်းမှု – မောင်မောင်မြင့်ဆွေ

အမှုမဲ့အမှတ်မဲ့ကြောင့်...

နယူးဒေလီ ဇန်နဝါရီ ၂၀

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ အနောက်ဘက်မိုင်၁၇၀ခန့် ကွာဝေးသော ကျေးရွာတစ်ရွာ၌ ဇန်နဝါရီ ၁၉ရက်က ပိုးသတ်ဆေးများ သောက်မိသဖြင့် အသက်သုံးနှစ်အရွယ်ကလေးငယ်တစ်ဦးသေဆုံးခဲ့သည့်ဖြစ်ရပ် ဖြစ်ပွားခဲ့သည်။

ဟင်းသီးဟင်းရွက်စိုက်ပျိုးရာတွင် သီးနှံဖျက်ပိုးများ မကျရောက်ရန် အသုံးပြုသော ပိုးသတ်ဆေးလက်ကျန်ကို အချိုရည်ဘူးတစ်ခုအတွင်း ပြောင်းထည့်ကာ ကလေးငယ် လက်လှမ်းမီသောနေရာ၌ အမှုမဲ့အမှတ်မဲ့ ထားမိခဲ့ရာမှ ကလေးငယ်က ယူသောက်မိပြီး သေဆုံးခဲ့ရခြင်း ဖြစ်သည်။

ထိုသို့ ပိုးသတ်ဆေးများကို ကလေးငယ်သောက်သုံးချိန်၌ အိမ်ခြံဝင်း အတွင်း မိဘများက အလုပ်လုပ်နေချိန်ဖြစ်ကြောင်း၊ အလုပ်ပြီး၍ အိမ်ပေါ် တက်လာသည့်အခါ ကလေးငယ် သေဆုံးနေသည်ကို တွေ့ရှိရကြောင်း ကလေးငယ်၏ မိဘများက ပြောကြားသည်။

ရေနွေးအိုးတည်ရင်း အိပ်မောကျတော့...

မော်စကို ဇန်နဝါရီ ၂၀

ရုရှားနိုင်ငံ မော်စကိုမြို့၌ အသက် ၂၀အရွယ် လူငယ်တစ်ဦးအိပ်ခန်း အတွင်း မီးခိုးငွေ့များ မွန်းကျပ်မှုကြောင့် ဇန်နဝါရီ ၁၉ရက်က သေဆုံးသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

အသက် ၂၀ အရွယ် လိုဂျီဗော့အမည်ရှိ လူငယ်တစ်ဦးသည် အိပ်ခန်း အတွင်း ရေနွေးအိုးတည်ထားရင်း အိပ်မောကျသွားခဲ့သည်။ လျှပ်စစ်ရေနွေးအိုးမှတစ်ဆင့် အိပ်ခန်းအတွင်း အဝတ်အထည်များအထိ မီးလောင်မှု ဖြစ်ပွားပြီး မီးခိုးများပိတ်လှောင်နေခဲ့ရာ မှ အသက်ရှူကျပ်ပြီး သေဆုံးခဲ့ရခြင်း ဖြစ်သည်။

အိပ်ခန်းအတွင်းမှ ညှော်နံများ၊ မီးခိုးများထွက်ရှိရာမှ မိဘများက အခန်းအတွင်းသို့ အတင်းတွန်းဖွင့်ဝင်ရောက်ခဲ့ချိန်၌ မီးခိုးများမွန်းကျပ်ကာ သေဆုံးနေသူသားဖြစ်သူအား တွေ့ရှိခဲ့ရခြင်းဖြစ်သည်။ (အင်တာနက်)

အစ္စရေးတပ်ဖွဲ့ဝင်များ၏ ခန္ဓာကိုယ်အစိတ်အပိုင်းများ လက်ဘနွန်၌တွေ့ရှိဟု ဟစ်ဇ်ဘိုလာခေါင်းဆောင်ပြောကြား

ဘေရွတ် ဇန်နဝါရီ ၂၀

လက်ဘနွန်၌ ၂၀၀၆ခုနှစ်က ဖြစ်ပွားခဲ့သော စစ်ပွဲတွင် သေဆုံးခဲ့သည့် အစ္စရေးစစ်သားများ၏ အလောင်းများကို တွေ့ရှိခဲ့ကြောင်း ဟစ်ဇ်ဘိုလာခေါင်းဆောင် ရှိတ်ဟက်ဆင်နာဆရယ်လား(အောက်ပုံ)**က ပြောကြားသည်။**

အစ္စရေးစစ်သားများ၏ ခေါင်းများ၊ လက်များနှင့် ခြေထောက်များကို ဟစ်ဇ်ဘိုလာတို့က တွေ့ရှိခဲ့ ကြောင်း နာဆရယ်လားက လူထု ပရိသတ်အား မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားလိုက်ခြင်း ဖြစ်သည်။

အစ္စရေးတပ်ဖွဲ့ဝင်များက ၂၀၀၆ ခုနှစ် ဇူလိုင်လတွင် ဟစ်ဇ်ဘိုလာ ပြောက်ကျားများအား ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။ ယင်းစစ်ပွဲသည် အစ္စရေးတို့က လက်ဘနွန်နိုင်ငံအတွင်း အခြေစိုက်နေထိုင်သည့် ဟစ်ဇ်ဘိုလာတို့အား ဝင်ရောက်တိုက်ခိုက်ရာ ရက်ပေါင်း ၃၄ရက် ကြာခဲ့သည်။ စစ်ပွဲအတွင်း အစ္စရေးစစ်သား ရှစ်ဦးသေဆုံးပြီး နှစ်ဦး ပြန်ပေးဆွဲခံရသည်ဟု ဆိုသည်။

သေဆုံး

အဆိုပါ ပဋိပက္ခဖြစ်ပွားစဉ် လက်ဘနွန်နိုင်ငံအတွင်း လူပေါင်း ၁၂၀၀ခန့် သေဆုံးခဲ့ရာ အရပ်သားများ၊ ဟစ်ဇ်ဘိုလာတိုက်ခိုက်ရေးသမားများ ပါဝင်သည်။ အစ္စရေးတို့ဘက်မှလည်း လူပေါင်း၁၆၀ သေဆုံးခဲ့ရာတွင် စစ်သားအများစု ပါဝင်သည်။ **(အင်တာနက်)**

အီရတ်မြောက်ပိုင်းတွင် အခမ်းအနားတစ်ခုသို့ ဒုံးကျည်ကျရောက်မှု ခုနစ်ဦးသေဆုံးပြီး ၁၇ ဦးဒဏ်ရာရရှိ

မိုဆူးလ်(အီရတ်) ဇန်နဝါရီ ၂၀

အီရတ်နိုင်ငံမြောက်ပိုင်း နိုင်းဗက်ချ်ပြည်နယ်ရှိ မြို့တစ်မြို့တွင် ဇန်နဝါရီ ၁၉ ရက်က ရိုးရာအခမ်းအနား တစ်ခု ကျင်းပရာသို့ ဒုံးကျည်ကျရောက် ပေါက်ကွဲခဲ့မှုကြောင့် ခုနစ်ဦးသေဆုံးပြီး ၁၇ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

ပြောကြား

ဘဂ္ဂဒက်မြို့၏ အနောက်မြောက်ဘက် ကီလိုမီတာ ၄၂၀ အကွာ တယ်လ်အဖာမြို့တွင် ယင်းနေ့ မွန်းလွဲပိုင်းက ဒေသခံရိုးယိုက်လူမျိုးများ ရိုးရာအခမ်းအနားကျင်းပစဉ်တွင် ကက်ရှုရှာ ဒုံးကျည်တစ်ခု လူအုပ်တွင်းသို့ ကျရောက်ပေါက်ကွဲမှုကြောင့် ခုနစ်ဦးသေဆုံးပြီး ၁၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ယင်းမြို့ မြို့တော်ဝန်ဗိုလ်မှူးချုပ် နာဂျင်မ်အဗ္ဗဒူလက်ချ်ကဆင်ဟွာသို့ တယ်လီဖုန်းဖြင့် ပြောကြားသည်။

အကြီးကျယ်ဆုံး

အဓိကအားဖြင့် အီရတ်နိုင်ငံတစ်ဝန်းရှိ ရိုးယိုက်မြို့ကြီးများတွင် ရိုးရာပွဲတော်များကို ကျင်းပလျက်ရှိရာ အထူးသဖြင့် ဘဂ္ဂဒက်မြို့ တောင်ဘက် ကီလိုမီတာ ၁၁၀အကွာ ကာဘာလာမြို့တွင် အကြီးကျယ်ဆုံးဖြစ်သည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာမှုခင်း

ပြန်လည်ဆုံစည်းချင်ပါသော်လည်း...

ဒင်းနစ်အမ်ဘာလီနှင့်မိသားစု။

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်ရှိ နော့ပေါ့မြို့သည် မြို့ငယ်လေးဖြစ်ပြီး အတန်အသင့် စည်ကားသည်။ ယင်းမြို့သည် အေးချမ်းဆိတ်ငြိမ်သည့် မြို့ကလေးဖြစ်သည်။

ငယ်ရွယ်ချောမောလှပ

ယင်းမြို့တွင် ဒင်းနစ်အမ်ဘာလီအမည်ရှိ မိန်းကလေးတစ်ဦးနေထိုင်သည်။ ငယ်ရွယ်ချောမောလှပသူ အမ်ဘာလီသည် လွန်ခဲ့သည့် ငါးနှစ်က အသက် ၁၆နှစ်အရွယ်တွင် နာသာနီယယ်ဆိုသူနှင့် လက်ထပ်ခဲ့ကာ နှစ်နှစ်အရွယ်နှင့် ခြောက်လသားအရွယ် သားနှစ်ဦး ထွန်းကားခဲ့သည်။

ရှေ့သွားနောက်လိုက်ညီ

အမ်ဘာလီ ငယ်ရွယ်သူဖြစ်သော်လည်း ခင်ပွန်းသည် နာသာနီယယ်အပေါ်တွင် တာဝန်ကျေသလို သားနှစ်ဦးအပေါ်တွင်လည်း အထူးဂရုစိုက်ပြီး အိမ်ထောင်မှု နိုင်နင်းသူဖြစ်သည်။ ခင်ပွန်းသည် နာသာနီယယ်သည်လည်း သဘောကောင်းပြီး ဖြောင့်မတ်တည်ကြည်ကာ အေးဆေးစွာနေထိုင်တတ်သူ တစ်ယောက်ဖြစ်သည့်အတွက် သူတို့ဇနီးမောင်နှံမှာ ရှေ့သွားနောက်လိုက်ညီပြီး သူတို့၏ မိသားစုဘဝကလေးမှာ သာယာ စိုပြည် ငြိမ်းချမ်းလှသည်။

ဝင်ရောက်မွှေနှောက်

သူတို့နှစ်ဦး၏ သာယာချမ်းမြေ့လှသောဘဝကလေးကို ဇန်နဝါရီ ၁၇ ရက်က ကြီးမားဆိုးရွားလှသော ကြမ္မာမုန်တိုင်းကြီး ဝင်ရောက်မွှေနှောက်ခဲ့သည်။ ယင်းနေ့ညနေပိုင်းတွင် နာသာနီယယ်သည် ၎င်းအလုပ်လုပ်ရာ စက်ပစ္စည်းအရောင်း ကုမ္ပဏီမှ ပြန်လာချိန်တွင် အိမ်တံခါး သော့ခတ်ထားသည်ကိုသာ တွေ့ခဲ့ရသည်။ အပြင်ထွက်လည်ပတ်ခဲ့သော ဇနီးသည် အမ်ဘာလီကိုမတွေ့သဖြင့် အိမ်ထဲသို့ကြည့်သည့်အခါ သားငယ်နှစ်ဦးကိုတွေ့ရသဖြင့် ဇနီး ပျောက်ဆုံးနေမှုကို ရဲတပ်ဖွဲ့သို့ အကြောင်းကြားခဲ့သည်။

အမ်ဘာလီသည် ငယ်ရွယ်သူဖြစ်သော်လည်း ခင်ပွန်းသည် နာသာနီယယ်အပေါ်တွင် တာဝန်ကျေသလို သားနှစ်ဦးအပေါ်တွင်လည်း အထူး ဂရုစိုက်ပြီး အိမ်ထောင်မှု နိုင်နင်းသူဖြစ်

ထူးဆန်းသောကားသံ

ရဲတပ်ဖွဲ့၏ စုံစမ်းစစ်ဆေးချက်အရ အသက်(၃၇ နှစ်)အရွယ် မိုက်ကယ်လီကီးကို ဖမ်းဆီးခဲ့သည်။ မိုက်ကယ်လီကီး၏ ဆယ်လူလာဖုန်းမှတစ်ဆင့် အမ်ဘာလီ လျှို့ဝှက်ခေါ်ဆိုထားသော ဖုန်းမှတ်တမ်းအရ မိုက်ကယ်ကိုရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။ မိုက်ကယ်၏ညီမဝမ်းကွဲဖြစ်သူ အက်ရှလေကွင်းကလည်း သူမထံမှ ပေါက်တူး၊ ဓာတ်ငွေ့အိုးနှင့် ဓာတ်မီးတို့ကို ငှားသွားကြောင်း ပြောကြားခဲ့သည်။ ၎င်း၏အိမ်နီးချင်းဂျင်နီဖာ အက်ကာ့ထ်သည် ဇန်နဝါရီ ၁၇ရက် မွန်းလွဲပိုင်းက မိုက်ကယ်၏ ခြံတွင်းလမ်းတွင် ကားမထိုးမီ လမ်းတွင်း၌ ထူးဆန်းသောကားသံကိုကြားရကြောင်း၊ မသဲကွဲ၍ အပြင်ထွက်ကြည့်သောအခါ **မိုက်ကယ်သည်သူ့ကိုကြည့်လျက် အိမ်**တွင်းလမ်းထဲသို့ ဖုံဆင်းကာ ထိုင်နေကြောင်း၊ သူ၏ကားကို ၁၀ မိနစ်ခန့် အိမ်ပြင်တွင် ချန်ထားခဲ့ကြောင်းသိရသည်။ ထို့ကြောင့် မိုက်ကယ်၏ကား **အတွင်းရှာဖွေရာမှ အမ်ဘာလီ၏** လက်စွပ်၊ သူမ၏ဆံပင်နှင့်တူသော ရွှေရောင် ဆံပင်အချို့ကို ရရှိခဲ့သည်။ ယင်းမှ တစ်ဆင့်အမ်ဘာလီ၏ ခန္ဓာကိုယ်နှင့်တူသော အလောင်းတစ်လောင်းကိုလည်း ယခုနှစ် ဇန်နဝါရီ ၁၉ရက်တွင်တူးဖော်ရရှိခဲ့သည်။ အခင်းမဖြစ်မီ မိုက်ကယ်စီးနင်းသည့် ကမ်မာရီ– ၁၉၉၄ ကားအစိမ်းရောင်၏ မောင်းနှင်သွားလာမှုကို တွေ့မြင်ပါက သတင်းပေးရန် ထုတ်ပြန်ထားသည်။ မိုက်ကယ်ကမူ ဝန်ခံခြင်းမရှိခဲ့ပေ။ တူးဖော်ရရှိသော ရုပ်လောင်းကို မိဘများနှင့် ခင်ပွန်းသည်က အမ်ဘာလီဟုသက်သေပြနိုင်ရမည် ဖြစ်သည်။

အချိန်ကသာဆုံးဖြတ်

မည်သို့ပင်ဖြစ်စေ မိုက်ကယ်သည် အမ်ဘာလီကို သတ်ခဲ့ပါက တစ်ပါးသူ၏ မိသားစုဘဝ ပြိုကွဲစေသည့်အတွက် ပြန်လည်ပေးဆပ်ရမည်မှာ သင်ခန်းစာ ယူဖွယ်ဖြစ်သည်။ ထို့ပြင် ပြန်လည်ဆုံဆည်းရန်မျှော်လင့်နေသော နာသာနီယယ်၏ ဆန္ဒပြည့်မပြည့်ကိုမူ အချိန်ကသာ ဆုံးဖြတ်နိုင်မည်ဖြစ်ပါကြောင်း။ ။

ချစ်စိုးနိုင်–ကိုးကားရေးဖွဲ့သည်

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

- ◆ အင်ဂိုလာနိုင်ငံအလယ်ပိုင်း တောင်တန်းထူထပ်သည့် ဒေသတွင် ဇန်နဝါရီ၁၉ ရက်က လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ ၁၂ ဦး သေဆုံးခဲ့သည်။ (ဓါတ်ပုံ)
- ◆ **တရုတ်နိုင်ငံ တန်ကျင်းမြို့မြောက်ပိုင်း၌ ဇန်နဝါရီ ၁၉ ရက်က မြေပြိုမှုဖြစ်ပွားရာ ခုနစ်ဦးသေဆုံးပြီး လေးဦးပျောက်ဆုံးလျက်ရှိသည်။**
- ◆ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘိုဂရာမြို့၌ လွန်ခဲ့သောနှစ်ပေါင်း ၁၅၀၀ခန့်က တည်ဆောက်ခဲ့သည့် ရှေးဟောင်းဘုရားကျောင်းတစ်ခုကို သုတေသနပညာရှင်များက ဇန်နဝါရီ ၁၉ ရက်၌ ရှာဖွေတွေ့ရှိခဲ့သည်။
- ◆ **အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)နိုင်ငံ၌ ကမ္ဘာပေါ်တွင် သဘာဝပတ်ဝန်းကျင်အသန့်ရှင်းဆုံးမြို့ တစ်မြို့ကို ၂၀၁၅ ခုနှစ် အပြီး တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ထိုမြို့၌ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့လုံးဝမရှိ၊ မော်တော်ကားလုံးဝမရှိသည့်မြို့ဖြစ်ကြောင်း ယူအေအီးအရာရှိများက ဇန်နဝါရီ ၁၉ ရက်၌ ပြောကြားသည်။**
- ◆ ကနေဒါနိုင်ငံ ကွီဘက်ပြည်နယ်အရှေ့ပိုင်း၌ ဇန်နဝါရီ ၂၀ ရက်က မော်တော်ကားတစ်စီးနှင့် မီးရထားတစ်စင်းတို့ တိုက်မိခဲ့ရာ နှစ်ဦးသေဆုံးခဲ့သည်။
- ◆ **တရုတ်နိုင်ငံ ဟူဘေးပြည်နယ်အလယ်ပိုင်းတွင် ဇန်နဝါရီ ၁၉ ရက်က ဆီးနှင်းများ ထူထပ်သိပ်သည်းစွာကျဆင်းခဲ့ရာ အချို့နေရာများ၌ ဆီးနှင်းထု လေးပေအထိ မြင့်ခဲ့သည်။**
- ◆ ဘိုလီးဗီးယားနိုင်ငံ လီမာမြို့၌ ဇန်နဝါရီ၂၀ ရက်က အပျော်စီးချားရဟတ်ကြီးတစ်ခုပြုတ်ကျခဲ့ရာ ၁၂ ဦး သေဆုံးခဲ့သည်။
- ◆ **အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့အနောက်ဘက် မိုင် ၁၅၀ ခန့်အကွာရှိ မြစ်တစ်ခုအတွင်း ဇန်နဝါရီ၁၉ ရက်က ခရီးသည်တင်စက်လှေတစ်စင်းနစ်မြုပ်ခဲ့ရာ ခြောက်ဦးသေဆုံးပြီး သုံးဦးပျောက်ဆုံးလျက်ရှိသည်။**

ဆားဘီးယားနိုင်ငံ

သတင်းအက်ဆေး

တိုး-စုစည်းရေးသားသည်

ဆားဘီးယားသမ္မတနိုင်ငံသည် ၂၀၀၆ ခုနှစ် နွေရာသီကမှ တစ်ခုတည်းသော အချုပ်အခြာအာဏာပိုင် သမ္မတနိုင်ငံတစ်နိုင်ငံအဖြစ် စတင်ရပ်တည်လာသည်။ မွန်တီနီဂရိုးနိုင်ငံက ဆားဘီးယားနှင့် မွန်တီနီဂရိုးသမ္မတနိုင်ငံအဖြစ်မှ ခွဲထွက်အပြီး ယင်းသို့ ဆားဘီးယားသမ္မတ နိုင်ငံဖြစ်လာခြင်းဖြစ်သည်။

ဆားဘီးယားသမ္မတနိုင်ငံ သမိုင်းကိုပြန်ကြည့်လျှင် အနိမ့်ဆုံးအားဖြင့် ယူဂိုဆလားဗီးယားပြည်ထောင်စုသမ္မတနိုင်ငံကို ပြန်သုံးသပ်ရသည်။ ထိုနိုင်ငံကို ၁၉၄၅ ခုနှစ်တွင် မာရှယ်တီးတိုးက ထူထောင်လိုက်သည်။ မာရှယ်တီးတိုးသည် စစ်အေးကာလတိုက်ပွဲ အခါသမယက ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ ထင်ရှားသော ခေါင်းဆောင်တစ်ဦးဖြစ်သည်။ ထိုစဉ် ခရိုအေးရှား၊ မွန်တီနီဂရိုး၊ ဆားဘီးယား၊ ဆလိုဗေးနီးယား၊ ဘော့စနီးယား၊ ဟာဇီဂိုဗီးနား၊ မက်ဆီဒိုးနီးယားဟူသည့် ခြောက်နိုင်ငံဖြင့် ယူဂိုဆလားဗီးယားပြည်ထောင်စုသမ္မတအဖြစ် ဖွဲ့စည်းရပ်တည်ခဲ့ခြင်းဖြစ်သည်။

အုပ်ချုပ်

ဤနေရာ၊ ဤဒေသတစ်ဝိုက်ကို ၁၉ ရာစုအစကစ၍ ဘော်လကန်ဒေသဟု ခေါ်တွင်သည်။ ဘော်လကန်မှာ တူရကီစကားဖြစ်ပြီး **"တောင်တန်း"**ဟု အဓိပ္ပာယ်ရသည်။ အော်တိုမန်တူရကီတို့သည် ၁၄ ရာစုနှစ်အစကတည်းက ကျူးကျော်ဝင်ရောက်ခဲ့ပြီး နှစ်ပေါင်း ၅၀၀ ခန့် အုပ်ချုပ်ခဲ့သည်။ ၁၇ ရာစုအကုန်တွင် တူရကီတို့ လက်လွှတ်လိုက်ရသည်။ ဘော်လကန်ဒေသ၏ နိုင်ငံရေးနယ်နိမိတ်များကို ၁၈၇၈ ခုနှစ် ဘာလင်စာချုပ်ဖြင့် ပြဋ္ဌာန်းလိုက်သည်။ ဆားဘီးယား၊ မွန်တီနီဂရိုး၊ ရိုမေးနီးယားတို့ လွတ်လပ်ရေးရသွားသည်။ ဘူဂေးရီးယားနိုင်ငံ ထူထောင်နိုင်သည်။ ဆလိုဗေးနီးယား၊ ခရိုအေးရှားတို့မှာ ဘော့စနီးယား၊ ဟာဇီဂိုဗီးနားနည်းတူ ဩစတြီးယား၊ ဟန်ဂေရီလက်အောက်ရောက်ကုန်သည်။

၂၀ ရာစုတွင် အော်တိုမန်အင်ပါယာကြီး တစ်စတစ်စပြိုလဲပျက်စီးသည်။ ဘော်လကန်မဟာမိတ်များက ကိုဆိုဗို၊ မက်ဆီဒိုးနီးယား၊ အယ်ဘေးနီးယားတို့မှ တူရကီတို့ကို တိုက်ထုတ်သည်။ ၎င်းတို့လည်း လွတ်လပ်ရေးကြေညာသည်။ ထို့နောက် ဆာ့ဘ်တို့က ဘူဂေးရီးယားများကို တွန်းလှန်ပြီး ကိုဆိုဗိုနှင့် မက်ဆီဒိုးနီးယားကို သိမ်းပိုက်သည်။ ၁၉၄၁ ခု နောက်ပိုင်း ဒုတိယကမ္ဘာစစ်ကြီးက ဘော်လကန်ဒေသကို မွှေပြန်သည်။ ပြည်တွင်းစစ်များ အကြိမ်ကြိမ်ဖြစ်ပြီး အကြမ်းဖက်ရက်စက်မှုများ အတောမသတ် ဖြစ်ခဲ့သည်။

ပြိုကွဲ

မာရှယ်တီးတိုး၏ ယူဂိုဆလားဗီးယား ပြည်ထောင်စုသမ္မတနိုင်ငံမှာလည်း ၁၉၈၀ပြည့်နှစ်တွင် မာရှယ်တီးတိုး ကွယ်လွန်ပြီး ၁၀နှစ်အကြာ လူမျိုးရေး၊ ယဉ်ကျေးမှု၊ ဖွံ့ဖြိုးရေးမညီမျှမှု၊ ကြွေးတင်မှုစသည့် ပြဿနာများကြောင့် ပြိုကွဲခဲ့ရသည်။ ၁၉၉၂ ခုနှစ်တွင် ဘော်လကန်ဒေသ၌ ကွန်မြူနစ်ဝါဒနေရာတွင် အမျိုးသားရေးဝါဒက အစားထိုးနေရာယူလိုက်သဖြင့် အစိတ်စိတ်အမြွှာမြွှာ ဖြစ်ရသည်။ ဆလိုဗေးနီးယား၊ နောက် ခရိုအေးရှားက ခွဲထွက်သည်။

ခရိုအေးရှား စစ်ကြောင့် ပြည်သူထောင်ပေါင်းများစွာ ဒုက္ခသည်ဘဝသို့ ကျရောက်ကြရသည်။ ၁၉၉၂ခုနှစ်တွင် လွတ်လပ်ရေးကြေညာထားသည့် ဘော့စနီးယားနှင့် ပဋိပက္ခ ဖြစ်ပြန်သည်။ ယူဂိုဆလားဗီးယား နိုင်ငံအတွင်း၌နေမည်ဟု သန္နိဋ္ဌာန်ချထားသည့် ဆာ့ဘ်လူမျိုးတို့က လွတ်လပ်ရေးကို ဆန့်ကျင်ပြီး ဘဲလ်ဂရိတ်မှ အစွန်းရောက်အုပ်စု၏ အကူအညီကိုရယူကာ အတိုက်အခံများကို နေအိမ်များမှ မောင်းထုတ်သည်။ ဘော့စနီးယားနယ်မြေ ၇၀ ရာခိုင်နှုန်းကို ထိန်းချုပ်ထားသည့် ဘော့စနီးယားဆာ့ဘ်တပ်များက ၁၉၉၃ ခုနှစ်တွင် ဆာရာဂျေဗို မြို့တော်ရှိ ဘော့စနီးယားအစိုးရကို ဝိုင်းထားသည်။

ဘော့စနီးယားအလယ်ပိုင်းတွင် မွတ်စလင်အများစုပါသည့် စစ်တပ်က ခရိုအေးရှားနှင့် ပေါင်းလိုသည့် ဘော့စနီးယားခရိုအက်များအား တိုက်နေရသည်။ အခြေအနေထိန်းချုပ်သည့် ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်များ ရှိနေခြင်းမှာလည်း အကြောင်းမထူးပေ။ အကြမ်းဖက်မှုများ ရှိမြဲရှိသည်။ ၁၉၉၅ခုနှစ် ဒေတန်ငြိမ်းချမ်းရေးစာချုပ်ဖြင့် ပဋိပက္ခအဆုံးသတ်လိုက်သည်။

ရပ်တည်

၁၉၂၀ပြည့်နှစ်က ဗာဆိုင်းငြိမ်းချမ်းရေးစာချုပ်ဖြင့် ပေါ်ပေါက်လာသည့် ယူဂိုဆလားဗီးယားနိုင်ငံသည် ၈၃နှစ်အကြာတွင် ဥရောပမြေပုံမှ ပျောက်ကွယ်သွားခဲ့သည်။ ဆားဘီးယားနှင့် မွန်တီနီဂရိုး နှစ်နိုင်ငံပေါင်းပြီး ယူဂိုဆလားဗီးယားပြည်ထောင်စု သမ္မတနိုင်ငံအဖြစ်သာ ရပ်တည်သည်။ ၂၀၀၆ခုနှစ်တွင် မွန်တီနီဂရိုးနိုင်ငံက ခွဲထွက်လိုက်ပြန်သောအခါ ၁၉၄၅ခုနှစ်က ယူဂိုဆလားဗီးယားပြည်ထောင်စုသမ္မတနိုင်ငံအဖြစ် စတင်ခဲ့သည့် မာရှယ်တီးတိုး၏ ခြောက်နိုင်ငံ ပူးပေါင်းထားသည့်နိုင်ငံမှာ နိဂုံးချုပ်သွားသည်။

ကမ္ဘာ့မြေပုံပေါ်တွင် ဆားဘီးယားသမ္မတနိုင်ငံအဖြစ် ကျန်ရှိနေသည်။ ။

ဆားဘီးယားသမ္မတနိုင်ငံ၏ ပါလီမန်အဆောက်အအုံကို ဤသို့ တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၂၀-၁-၂၀၀၈

ကမ္ဘာ့ဘဏ်အဆောက်အအုံ ဖုံးခွဲမည်ဟု ခြိမ်းခြောက်ခံရ

အမေရိကန်နိုင်ငံ ဝါရှင်တန်ရှိ ကမ္ဘာ့ဘဏ်အဆောက်အအုံအား ဗုံးခွဲတိုက်ခိုက်မည်ဟု ခြိမ်းခြောက်မှုသတင်းတစ်ရပ်ကြောင့် ကမ္ဘာ့ဘဏ်အဆောက်အအုံ အဝင်အထွက်များ ပိတ်ထားခဲ့ကြောင်း ကမ္ဘာ့ဘဏ်အရာရှိများက ပြောကြားသည်။

ကမ္ဘာ့ဘဏ်အဆောက်အအုံတွင် ဗုံးထောင်ထားသည်ဟူသော ဖုန်းသတင်းလက်ခံရရှိပြီးနောက် ကမ္ဘာ့ဘဏ်အဆောက်အအုံကို ပိတ်ဆို့ကာ စစ်ဆေးရှာဖွေမှုများပြုလုပ်ခဲ့သော်လည်း ဗုံးရှာမတွေ့ကြောင်း ၎င်းအရာရှိများက ပြောကြားသည်။

အီရန်နျူကလီးယားဆွေးနွေးပွဲ ရုရှားတက်ရောက်မည်

အီရန်နျူကလီးယား အစီအစဉ်နှင့် ပတ်သက်သည့် ခြောက်နိုင်ငံဆွေးနွေးပွဲကို ဂျာမနီနိုင်ငံ ဘာလင်မြို့၌ လာမည့် သီတင်းပတ်တွင် ကျင်းပမည်ဖြစ်ရာ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ် တက်ရောက်မည်ဖြစ်ကြောင်း ရုရှားအရာရှိများက ပြောကြားသည်။

ယခုဆွေးနွေးပွဲ၌ အကောင်းဆုံးအဖြေတစ်ခု ထုတ်နိုင်လိမ့်မည်ဟု မျှော်မှန်းကြောင်း ဆာဂျီလက်ဗ်ရော့ဗ်က ပြောကြားသည်။ အီရန်၏ နျူကလီးယားအစီအစဉ်အပေါ် အင်အားသုံးမှုကို တရုတ်နှင့် ရုရှားတို့က ဆန့်ကျင်ထားသည်။

အင်ဒိုနီးရှားသမ္မတနှင့် ဂျပန်မင်းသားတို့ တွေ့ဆုံ

အင်ဒိုနီးရှားသမ္မတ ဆူစီလိုဘန်ဘန်းယူဒိုယိုနိုသည် အင်ဒိုနီးရှားနိုင်ငံ၌ အလည်အပတ်ရောက်ရှိနေသော ဂျပန်မင်းသားအကီရှီနိုနှင့် ကြင်ရာတော်တို့အား သမ္မတအိမ်တော်၌ တွေ့ဆုံဆွေးနွေးသည်။

ဂျပန်မင်းသား အကီရှီနိုနှင့် ကြင်ရာတော်တို့သည် နှစ်(၅၀)မြောက် နှစ်နိုင်ငံသံတမန်ထူထောင်သည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ရန် အင်ဒိုနီးရှားနိုင်ငံသို့ ခြောက်ရက်ကြာ ချစ်ကြည်ရေးခရီး ရောက်ရှိနေခဲ့သည်။

စီးပွားရေးတိုးတက်မှုရှိစေရန် အာဂျင်တီးနားသမ္မတ တိုက်တွန်း

အာဂျင်တီးနားနိုင်ငံ၏ စီးပွားရေးတိုးတက်မှုများရရှိရန်နှင့် တည်ငြိမ်မှုများရရှိရေး ကြိုးစားဆောင်ရွက်ကြရန် ကမ္ဘာ့နိုင်ငံများအား အာဂျင်တီးနားသမ္မတ ခရစ္စတီးနားဖာနန်ဒက်စ်က တိုက်တွန်းလိုက်သည်။

မကြာမီရက်များက ကမ္ဘာ့ဈေးကွက်၌ ငွေကြေးတန်ဖိုး မတည်မငြိမ် ဖြစ်ခဲ့ခြင်းသည် အာဂျင်တီးနားနိုင်ငံ၏ စီးပွားရေးကို ထိခိုက်ခဲ့ကြောင်း အာဂျင်တီးနားသမ္မတ ခရစ္စတီးနားဖာနန်ဒက်စ်က ပြောကြားသည်။

ယူရေနီယံသတ္တုသိုက်ကြီး ဂမ်ဘီယာ၌ တွေ့ရှိ

အနောက်အာဖရိကနိုင်ငံငယ်တစ်နိုင်ငံဖြစ်သည့် ဂမ်ဘီယာနိုင်ငံတွင် ယူရေနီယံ ထုတ်ယူနိုင်သော သတ္တုသိုက်တစ်ခုကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ဂမ်ဘီယာသမ္မတ ယာယာဂျမ်မက်က ပြောကြားသည်။

အဆိုပါ ယူရေနီယံသတ္တုသိုက်သည် စီးပွားဖြစ်ထုတ်ယူနိုင်သော သတ္တုသိုက်ကြီးဖြစ်ပြီး ဂမ်ဘီယာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူပြုစေမည့် သတ္တုသိုက်ဖြစ်ကြောင်း သမ္မတ ယာယာဂျမ်မက်က ပြောကြားသည်။

ပါလက်စတိုင်းအတွက် ဒေါ်လာ ၇ဒသမ၇ဘီလီယံလှူဒါန်းမည်

နိုင်ငံတကာ အလှူရှင်များက လာမည့်သုံးနှစ်အတွင်း ပါလက်စတိုင်းပြည်သူများအတွက် အမေရိကန်ဒေါ်လာ ၇ဒသမ၇ ဘီလီယံလှူဒါန်းမည်ဟု ပြောကြားထားကြောင်း ပါလက်စတိုင်းအရာရှိများက ပြောကြားသည်။

အလှူရှင်များဖြစ်သည့် ဥရောပသမဂ္ဂ၊ ဆော်ဒီအာရေဗျနှင့် ပြင်သစ်နိုင်ငံတို့က ပါလက်စတိုင်းနှင့် အစ္စရေးတို့အား ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဆက်တိုက်ပြုလုပ်ရန် တိုက်တွန်းထားသည်။

တရုတ်နှင့် ဟန်ဂေရီ မီးရထားလမ်းဖောက်မည်

တရုတ်နှင့် ဟန်ဂေရီနိုင်ငံတို့ မီးရထားဆက်သွယ်ဖောက်လုပ်ရေးဆိုင်ရာ သဘောတူညီမှုစာချုပ်ကို လက်မှတ်ရေးထိုးလိုက်ကြသည်။ တရုတ်နှင့် အနောက်ဥရောပ မီးရထားလမ်းဆက်သွယ်ရေးလမ်းကြောင်းသစ် ဖောက်လုပ်ရေးတွင် ဟန်ဂေရီနိုင်ငံကလည်း ပူးပေါင်းပါဝင်ရန် သဘောတူလက်မှတ်ရေးထိုးခြင်းဖြစ်သည်။

ဘဝ ဒဿန အမြင်

- ✱ ***The smaller the mind the greater the conceit.***
  ကိုယ့်ကိုယ်ကို အထင်ကြီး ဘဝင်မြင့်သူသည် စိတ်ဓာတ်သေးသိမ်သူဖြစ်သည်။
  အီစွပ်ပုံပြင်
- ✱ ***To invent, you need a good imagination and a pile of Junk.***
  တီထွင်တတ်ရန်မှာ သင့်တွင် စိတ်ကူးစိတ်သန်းကောင်းနှင့် ပစ္စည်းပစ္စယ တစ်ပုံတစ်ပင်ရှိရန် လိုအပ်သည်။
  သောမတ်စ်အေအက်ဒီဆင် (တီထွင်မှုပညာရှင်)

မြန်မာနိုင်ငံဆေးဝါးစက်ရုံ(အင်ရောင်း)ဖွင့်လှစ်တည်ထောင်လိုက်သည့်အတွက် မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အထက်ပိုင်းတွင် ဆေးဝါးများလွယ်ကူစွာသုံးစွဲနိုင်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကျောက်ဆည် စက်မှုနယ်မြေရှိ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း)တွင် တစ်ခါသုံး ဆေးထိုးအပ်နှင့် ဆေးထိုးပိုက်များထုတ်လုပ်မှု၊ သွေးကြောသွင်းဆေးရည် ပုလင်းများအား စစ်ဆေးခြင်း၊ တံဆိပ်ကပ်ခြင်းနှင့် ထုပ်ပိုးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❒ ရှေ့ဖုံးမှ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်လေဆိပ်မှ ထွက်ခွာကြပြီး မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ကျောက်ဆည်မြို့ ကျောက်ဆည်စက်မှုနယ်မြေရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း)သို့ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရောက်ရှိကြသည်။

တက်ရောက်ချီးမြှင့်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အားပေးချီးမြှင့်သည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ၊ စက်ရုံအရာထမ်း၊ အမှုထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ဆင်အကအဖွဲ့၊ မင်္ဂလာစည်တော်အဖွဲ့၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနား ပထမပိုင်းကို အဆိုပါစက်ရုံရှေ့၌ ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေ၊ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်း စက်ရုံ(အင်ရောင်း)စက်ရုံမှူး ဦးကိုကိုလွင်တို့က စက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အခမ်းအနားပထမပိုင်းကို ရုပ်သိမ်းလိုက်သည်။

လွယ်ကူစွာသုံးစွဲနိုင်

ယင်းနောက် အခမ်းအနား ဒုတိယပိုင်းကို စက်ရုံဝင်းအတွင်းရှိ မင်္ဂလာမဏ္ဍပ်၌ ဆက်လက်ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ ဆေးဝါးလိုအပ်ချက်အရ ယခုဖွင့်လှစ်လိုက်သော ဆေးဝါးလုပ်ငန်းစက်ရုံမှ ထုတ်လုပ်သည့် ဆေးဝါးများသည် ကောင်းမွန်သော ဆေးဝါးထုတ်လုပ်မှုနည်းစဉ်များဖြင့် ထုတ်လုပ်မည်ဖြစ်၍ အရည်အသွေးမြင့်မားမည်ဟု သိရှိရကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံ ဆေးဝါးစက်ရုံ(အင်ရောင်း) စက်ရုံဖွင့်လှစ်တည်ထောင်လိုက်သည့်အတွက် မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အထက်ပိုင်းဒေသများတွင် ဆေးဝါးပစ္စည်းများကို လွယ်ကူစွာရယူသုံးစွဲနိုင်မည်ဖြစ်ပြီး နယ်မြေဒေသရှိ လူများအား အလုပ်အကိုင်အခွင့်အလမ်းများရရှိစေကာ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို များစွာအထောက်အကူပြုစေမည်ဖြစ်သဖြင့် ဤစက်ရုံ ရေရှည်အောင်မြင်စေရေးအတွက် ပြည်သူများကပါ ဝိုင်းဝန်းစောင့်ရှောက်ပေးရန် မှာကြားသည်။

အသက်ကယ်ဆေး

ထို့နောက် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ရှင်းလင်းတင်ပြရာ၌ ယခုစက်ရုံကြီးကို အင်ရောင်း၌ တည်ဆောက်ရသည့်အကြောင်းမှာ ပြည်သူ့ကျန်းမာရေးအတွက် ဆေးဝါးပစ္စည်းများကို သင့်တင့်သော တန်ဖိုးများဖြင့် ဝယ်ယူသုံးစွဲနိုင်ရေး၊ ပြည်တွင်းလိုအပ်ချက်များကို ပြည်ပမှ တင်သွင်းနေမှုအား လျှော့ချရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ရေး၊ ဆေးဝါးထုတ်လုပ်မှုအတတ်ပညာများ ပြန့်ပွားရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့အတွက် ရည်ရွယ်ကြောင်း၊ ပြည်တွင်း ဆေးဝါးလိုအပ်ချက်ကို ယခု အင်ရောင်းဆေးဝါးစက်ရုံက ထုတ်လုပ်သည့် တစ်ခါသုံး ဆေးထိုးအပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်တို့က ထုတ်လုပ်သည့် တစ်ခါသုံး ဆေးထိုးအပ်တို့ဖြင့် လိုအပ်ချက်၏ သန်း ၆၀ ခန့်ကို ဖြည့်ဆည်းပေးသွားမှာဖြစ်ကြောင်း၊ အင်ရောင်းဆေးဝါးစက်ရုံ၊ ပြင်ဦးလွင် ဆေးဝါးစက်ရုံနှင့် မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ(ရန်ကုန်)၊ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ (ရန်ကုန်) တိုးချဲ့တို့မှ သွေးကြောသွင်းဆေးရည် ထုတ်လုပ်သွားမည်ဖြစ်သည့်အတွက် လိုအပ်ချက် သန်း ၂၀ ခန့်ကို ဖြည့်ဆည်းပေးသွားမှာဖြစ်ကြောင်း၊ နိုင်ငံလိုအပ်ချက်၏ ၄၂ ရာခိုင်နှုန်းခန့်ကို ဖြည့်ဆည်းပေးသွားမှာဖြစ်ကြောင်း၊ ထိုးဆေးသည်လည်း ယခုဆေးဝါးစက်ရုံ(အင်ရောင်း) မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ(တိုးချဲ့)နှင့် (ပင်မ)ရန်ကုန်တို့သာမက ဆေးဝါးလုပ်ငန်းစက်ရုံ(ပြင်ဦးလွင်)တို့မှလည်း ထုတ်လုပ်ကြောင်း၊ ထို့ကြောင့် စုစုပေါင်း ၁၄၂ သန်းခန့် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ လိုအပ်ချက်၏ ရာခိုင်နှုန်း ၇၀ ခန့်ကို ဖြည့်ဆည်းသွားနိုင်မည်ဖြစ်သည့်အပြင် အသက်ကယ်ဆေးများကိုလည်း ထုတ်လုပ်ပေးမှာဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲက ပြည်သူအားလုံး ကျန်းမာစွာဖြင့် သက်တမ်းပြည့်နေနိုင်ရေး၊ တိုင်းပြည်၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ကုန်ထုတ်စွမ်းအားရှင်များ ပိုမိုတိုးတက်လာရေးအတွက် အမျိုးသားရေးမူဝါဒများ ချမှတ်ဆောင်ရွက်စေလျက်ရှိကြောင်း။

အဆင့်အတန်းမြင့်မား

မိမိတို့ထုတ်လုပ်သည့် ဆေးဝါးများအားလုံးမှာ G.M.P(Good Manufacturing Practics) ကောင်းမွန်သော ဆေးဝါးထုတ်လုပ်မှုနည်းစဉ်များအရ ထုတ်လုပ်သည်ဖြစ်၍ အရည်အသွေး အဆင့်အတန်းမြင့်မားကြောင်း၊ လက်ရှိ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ(ရန်ကုန်)မှထုတ်လုပ်သည့် ဆေးဝါးများသည် အရှေ့တောင်အာရှ၌ အကောင်းဆုံးအဖြစ်လက်ခံထားသည့် အခြေအနေရှိကြောင်း၊ အသစ်တည်ဆောက်သည့် ဆေးဝါးစက်ရုံများမှာလည်း မြန်မာနိုင်ငံ ဆေးဝါးစက်ရုံ(ရန်ကုန်)၏ Formula များအတိုင်း ထုတ်လုပ်နေခြင်းဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ရေရှည်သုံးစွဲခဲ့ပြီးဖြစ်သည့်အတွက် အရည်အသွေးအနေဖြင့် စိတ်ချရသော ဆေးဝါးများဖြစ်ကြောင်း။

ဆေးဝါးသုံးစွဲပုံအခြေအနေကို သုံးသပ်ကြည့်မည်ဆိုလျှင် ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက် လက်ထက်များစွာ၌ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ(ရန်ကုန်) တစ်ရုံတည်းသာ ပြည်သူအားလုံး မှီခိုအားထားနေရသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ လူဦးရေတိုးတက်လာသည်နှင့်အမျှ ကျန်းမာရေးအတွက် ထပ်မံလိုအပ်လာသည့် ဆေးဝါးများကို ယင်းစက်ရုံတစ်ရုံတည်းနှင့် မည်သို့မျှ ဖြည့်ဆည်းနိုင်မှာမဟုတ်ကြောင်း၊ သို့ဖြစ်၍ ဆေးဝါးစက်ရုံ(ရန်ကုန်) တိုးချဲ့လုပ်ငန်း၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းလက်အောက်ရှိ ရန်ကုန်ဆေးဝါးစက်ရုံ၊ ပြင်ဦးလွင်ဆေးဝါးစက်ရုံ၊ အင်ရောင်းဆေးဝါးစက်ရုံနှင့် ရေခါး စပီရူလိုင်းနားစက်ရုံတို့ကို တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။

ထပ်မံတည်ဆောက်

အမှတ်(၁) စက်မှုဝန်ကြီးဌာနအနေဖြင့် ယင်းဆေးဝါးစက်ရုံများအပြင် အခြား လူသုံးကုန်ပစ္စည်းထုတ် စက်ရုံများကိုလည်း ထိန်းသိမ်းထုတ်လုပ်လျက်ရှိကြောင်း၊ ယခုလောလောဆယ်ဆိုလျှင် အမှတ်(၁) စက်မှုဝန်ကြီးဌာနအောက်တွင် စက်ရုံပေါင်း ၁၆၂ ရုံရှိကြောင်း၊ ၁၉၈၈ ခုနှစ်မှစ၍ ၂၀၀၇ ခုနှစ် အောက်တိုဘာအထိ စက်ရုံ၊ အလုပ်ရုံပေါင်း ၆၀ ကို ထပ်မံတည်ဆောက်အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း၊ ယခု ထပ်မံတည်ဆောက်နေသည့် စက်ရုံ ၁၄ ရုံရှိကြောင်း၊ ထပ်မံညှိနှိုင်းနေသည့် စက်ရုံခြောက်ရုံရှိကြောင်း၊ အဆိုပါစက်ရုံများ တည်ဆောက်ပြီးလျှင် စက်ရုံသစ် ၂၀ ထပ်မံတိုးလာမည်ဖြစ်ပြီး စက်ရုံပေါင်း ၂၀၀ နီးပါး ရှိလာမည်ဖြစ်ကြောင်း၊ တည်ဆောက်ပြီးစီးခဲ့သည့် စက်ရုံများမှ ကုန်ကြမ်းပစ္စည်း အမယ်ပေါင်း ၁၀၀၀ ခန့်သုံးစွဲပြီး နေ့စဉ် ဆေးဝါးအမျိုးမျိုး၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုးနှင့် အိမ်ဆောက်ပစ္စည်းအမျိုးမျိုး စုစုပေါင်း ၈၀၀ ကျော်ကို ထုတ်လုပ်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ကျေးဇူးတင်စကားပြောကြား

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးဖြစ်သည့် မင်းစုကျေးရွာမှ ဦးမင်းမင်းက အင်ရောင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ရရှိရေးတို့ကို အထောက်အကူပြုသည့် စက်ရုံကြီး တည်ဆောက်ဖွင့်လှစ်ပေးခြင်းအတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း) ကျောက်ဆည် ဖွင့်လှစ်ခြင်းအထိမ်းအမှတ်အဖြစ် ကျောက်ဆည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် ငွေကျပ်တစ်သိန်း၊ ကျောက်ဆည်ခရိုင် အထွေထွေရောဂါကုဆေးရုံကြီးအတွက် ငွေကျပ်တစ်သိန်း၊ ကျောက်ဆည်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ငွေကျပ်တစ်သိန်း၊ ကျောက်ဆည်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့အတွက် ငွေကျပ်တစ်သိန်း၊ ကျောက်ဆည်မြို့နယ် မင်းစု အခြေခံပညာအထက်တန်းကျောင်းအတွက် ငွေကျပ်တစ်သိန်းတို့ကို အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေက တာဝန်ရှိသူတို့ထံ ပေးအပ်လှူဒါန်းပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် Discussion Room ၌ တစ်ခါသုံး ဆေးထိုးအပ်နှင့် ဆေးထိုးပိုက်များထုတ်လုပ်မှု၊ Plastic Bottle Blow Moulding ၌ သွေးကြောသွင်း ဆေးရည်ပုလင်းများအား စစ်ဆေးခြင်း၊ တံဆိပ်ကပ်ခြင်းနှင့် ထုပ်ပိုးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဦးအောင်သောင်းနှင့် တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသကြသည်။

အဆိုပါစက်ရုံသည် မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် အင်ရောင်းကျေးရွာအနီး၌တည်ရှိပြီး စက်ရုံ၏ထုတ်လုပ်မှုစွမ်းအားမှာ တစ်ခါသုံးဆေးထိုးအပ် သန်း ၃၀၊ 500 ml သွေးကြောသွင်းဆေးရည်ပုလင်း ၂ ဒသမ ၅ သန်းနှင့် ထိုးဆေး သန်း ၅၀ ထုတ်လုပ်နိုင်မည်ဖြစ်သည်။

အဆိုပါစက်ရုံကို နိုင်ငံတော်၏ လိုအပ်ချက်ဖြစ်သည့် တစ်ခါသုံး ဆေးထိုးအပ်၊ ထိုးဆေးနှင့် သွေးကြောသွင်းဆေးရည်များ ပိုမိုဖြည့်ဆည်းနိုင်ရန် မြန်မာပြည်အလယ်ပိုင်း၊ အထက်ပိုင်းဒေသများသို့ ဆေးဝါးနှင့်ဆေးဝါးပစ္စည်းများကို လွယ်ကူစွာဖြန့်ဖြူးနိုင်ရန်၊ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်များရရှိစေရန်၊ ဒေသတွင်းရှိ လူ့စွမ်းအားအရင်းအမြစ် ရယူသုံးစွဲ၍ ဆေးဝါးထုတ်လုပ်မှုနည်းပညာ အသိကြွယ်ဝစေရန်နှင့် ပြည်သူများ၏ ကျန်းမာရေးဆေးကုသမှုဝန်ထုပ်ဝန်ပိုးများကို လျှော့ချပေးရန်နှင့် လိုအပ်သောဆေးဝါးများ ဖြည့်ဆည်းပေးရန် ဟူသည့် အချက်များပေါ် မူတည်သုံးသပ်ပြီး တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဖဲကြိုးဖြတ်ဖွင့်လှစ်

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေ၊ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ (အင်ရောင်း) စက်ရုံမှူး ဦးကိုကိုလွင်တို့က စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ကျုံပျော်အထက အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၀

ပဋ္ဌမအကြိမ်မြောက် ကျုံပျော်အထက ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၃ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျုံပျော် အထက အောင်ဆန်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသက် (၆၀)ပြည့် အငြိမ်းစားယူပြီး သွားကြသော ဆရာကြီး ဆရာမကြီးများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံကြွရောက်ကြပါရန်နှင့် ဖေဖော်ဝါရီ ၂ ရက် (စနေနေ့) နံနက် ၁၁ နာရီအရောက် လှိုင်သာယာ ဒဂုံဧရာအဝေးပြေးစခန်းရှိ ခေတ်မီကားဂိတ်သို့ ကြွရောက်ကြပါရန်နှင့် အလှူငွေများကို ကျောင်းသားကျောင်းသူဟောင်းများသည် ဦးအင်းဟော် ဖုန်း-၀၉-၅၁-၁၃၆၅၆၈၊ဦးလှဦး ဖုန်း-၀၉၅-၂၀၂၇၉၀၊ ဦးသန်းစိုး ဖုန်း-၀၉-၅၁-၃၂၂၆၉၊ ဗိုလ်ကြီးစိန်သန်း (ငြိမ်း) ဖုန်း-၀၉၅-၃၅၀၈၆၃၊ ဦးမြင့်သောင်း ဖုန်း-၀၁- ၅၈၄၅၇၇၊ ဒေါ်ရွှေမြိ ဖုန်း-၀၁-၇၀၀၇၅၇၊ ဒေါ်ကြူကြူသင်း ဖုန်း-၀၁-၆၈၀၁၉၅၊ ဒေါက်တာမင်းဆောင်(ပုသိမ်) ဖုန်း-၀၄၂-၂၄၂၉၀၊ ၀၉-၅၂၀၀၂၉၀၊ ဦးမြဟန် နွေမိုးဆောင်းကဖီး ဗိုလ်ချုပ်လမ်း ကျုံပျော်နှင့် ဦးထွန်းဝင်း အတွင်းရေးမှူး ကျုံပျော်တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

သီရိမင်္ဂလာကမ္ဘာအေး စေတီတော်မြတ်ကြီး ထီးတော်အသစ်များ တင်လှူပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဆင္ဌသင်္ဂါယနာ ကမ္ဘာအေးကုန်းမြေ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ရွှေထီးတော်၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်အသစ်များ တင်လှူပူဇော်ပွဲကို ဇန်နဝါရီ ၂၂ ရက်(အင်္ဂါနေ့) ၁၃၆၉ ခုနှစ် ပြာသိုလပြည့်နေ့ နံနက် ၉ နာရီတွင် အဆိုပါစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုသိမ်ခရိုင်လုံးဆိုင်ရာ ရွှေကျင်နိကာယ ဝိနယဓမ္မစာဖြေ၊ စာပြန်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၀

ပုသိမ်ခရိုင်လုံးဆိုင်ရာ (၂၅)ကြိမ်မြောက် ရွှေကျင်နိကာယ ဝိနယဓမ္မစာဖြေ၊ စာပြန်ပွဲကို ဖေဖော်ဝါရီ ၁ ရက်မှ ၅ ရက်အထိ ပုသိမ်မြို့ မဟာဗန္ဓုလလမ်းရှိ တိုက်ကြီးကျောင်း ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ သံဃာတော် အပါး ၈၀၀ ကျော်တို့ ပါဝင်ဖြေဆိုကြမည်ဖြစ်သည်။

ဆက်သွယ်

အဆိုပါစာပြန်ပွဲနေ့များတွင် ညစဉ် နိုင်ငံကျော်ဓမ္မကထိကများက တရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။ ပါဝင် လှူဒါန်းလိုသူများသည် ဦးတင်ထွန်း ဖုန်း-၀၄၂-၂၄၇၈၄၊ ဦးတိုင်းအောင် ဖုန်း-၀၉-၅၂၀၂၂၇၀၊ ဒေါ်သီသီဝင်း ဖုန်း-၀၉-၅၁-၉၇၇၇၉ နှင့် တိုက်ကြီးကျောင်း ပရိယတ္တိစာသင်တိုက် ဖုန်း-၀၄၂-၂၅၄၁၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

✻ ကျောဖုံးမှ

ထောက်ပံ့

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ဟိုမိန်းမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တက်ရောက်ဆေးကုသမှုခံယူနေကြသော လူနာများ၊ သူနာပြုဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများအား ထောက်ပံ့ငွေများကိုပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ဟိုမိန်းမြို့ ပြည်ထောင်စုခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍အမှာစကားပြောကြားသည်။

ပေးအပ်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် နယ်စပ်ဒေသတွင် တာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများအတွက် ထောက်ပံ့ပစ္စည်းများကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်စိန်ထံသို့ လည်းကောင်း၊ ဟိုမိန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ပစ္စည်းများကို ဒေသခံ တိုင်းရင်းသားအဖွဲ့မှ ဦးခွန်တိုးအောင်ထံသို့လည်းကောင်း၊ မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများအတွက် ထောက်ပံ့ပစ္စည်းများကို မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဇေယျထံသို့ လည်းကောင်း ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ဟိုမိန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် ထောက်ပံ့ငွေကျပ်နှစ်သိန်းကို ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် အဖွဲ့ဝင်များသည် မိုင်းကိုင်မြို့သို့ ရောက်ရှိကြပြီး မိုင်းကိုင်မြို့ နယ်မြေခံတပ်နယ်ခန်းမ၌ နယ်မြေခံတပ်ရင်း မိသားစုများအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

လှူဒါန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မိုင်းကိုင်မြို့နယ် ခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားပြီး မြို့နယ်အတွက် ရုပ်မြင်သံကြားစက်ကို ထောက်ပံ့ပေးအပ်သည်။

မှာကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျေးသီးမြို့သို့ ရောက်ရှိကြပြီး မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက နယ်မြေအေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ဆက်လက် ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားကာ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီ တပ်ဖွဲ့ဝင်များအတွက် ဝတ်စုံများကို ထောက်ပံ့ပေးအပ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကျေးသီးမြို့နယ် မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအတွက် ဝတ်စုံများကို ထောက်ပံ့ပေးအပ်စဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် တပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားပြီး တပ်နယ်မိသားစုဝင်များအတွက် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။ **(သတင်းစဉ်)**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ် (၄)ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၀

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ် (၄)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ 'ခွင့်လွှတ်ခြင်း'အယ်ဒီတာ့ဒိုင်ယာရီနှင့်အတူ သတင်းဂျာနယ်များကို ဖျော်ဖြေရေးဂျာနယ်အသွင် ပုံစံပြောင်းရန်မရှိ အခြေအနေပေးက သတင်းဂျာနယ်များပေါ်ထွက်လာဦးမည်ဟု တာဝန်ရှိသူကပြောကြား၊ ပုဂ္ဂလိကဆေးခန်းသုံးစွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်ခြင်းမရှိက ဆေးခန်း၏ လုပ်ပိုင်ခွင့်ကို ပိတ်ပင်တားမြစ်သည်အထိ အရေးယူမည်၊ မြန်မာလုပ်သား ၇၀၀ ကျော် ဆော်ဒီက ပထမဆုံးခေါ်ယူ၊ ဧရာဝတီမြစ်ဆုံသို့ လာရောက်လည်ပတ်သူများပြား၊ အမေရိကန်လုပ်ငန်းခွင်များတွင် အလုပ်သင်အဖြစ်သွားရောက်လုပ်ကိုင်နိုင်ပြီ၊ မြို့တော်စည်ပင်မှ လေလံပေးထားသောအခွန်ကောက်လုပ်ငန်းများ သတ်မှတ်နှုန်းထက် ပိုမိုတောင်းခံပါက အချိန်မရွေးတိုင်ကြားနိုင်စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ အောင်မြင်သူတစ်ဦးအကြောင်း'အလုပ်လုပ်ရင်း ပညာသင်ဖို့လိုမည်' ကိုအောင်ချစ်ခင်(ပုတက်ဂျာနယ်)နှင့် တွေ့ဆုံမေးမြန်းခြင်း၊ အလုပ်နှင့်ပညာရေး 'ဒူဘိုင်းသွား ဟိုတယ်ဝန်ထမ်းလုပ်မလား'နှင့် 'လက်ညှိုးကို ကွေးထားစမ်းပါ'ကဲ့သို့သော သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့်ယနေ့ထွက်ရှိလာပြီဖြစ်သည်။

'ကျွန်တော်လဲ ဒီမိုကရေစီလိုချင်တာပါပဲ' ပါကစ္စတန်သမ္မတ ပါဗေးမူရှာရက်ဖ်နှင့် တွေ့ဆုံခြင်း အင်တာဗျူးဆောင်းပါးနှင့်အတူ 'တရုတ်ပြည်တွင်လုပ်သည်'အမှတ်အသား အများယုံကြည်လက်ခံမှုတိုးလာ၊ အများကြိုက်ဟု ထင်တိုင်းအများက အမြဲလက်မခံနိုင်၊ ထိုင်းစစ်ဦးစီးချုပ် အနူပွန်ပါအိုချင်ဒါက သက်ဆင်၏ ဇနီးနှင့်ဆွေးနွေးလို၊ အချစ်မှိုင်းမိနေသည့် ဆာကိုဇီဝေဖန်ရေးဆရာများကိုရှောင်၊ အပစ်အခတ်ရပ်စဲမှုများမရှိလျှင် ငြိမ်းချမ်းမှုလည်းမရှိနိုင်၊ ပြင်သစ်ဝန်ကြီးဆီရောက်လာတဲ့ ထူးထူးခြားခြားစာတစ်စောင်၊ နိုင်ငံတွင်း အကျင့်ပျက်မှုများကို ဗီယက်နမ်နိုင်ငံတိုက်ဖျက်မည်၊ တရုတ်တွင် ပလတ်စတစ်အသုံးပြုမှုဇွန် ၁ရက်မှစ၍ ကန့်သတ်တော့မည်စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံးဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

စစ်မှန်သော အမျိုးသားနိုင်ငံရေးကို လုပ်ကိုင်ဆောင်ရွက်လို မန္တလေးအနောက်မြောက်မြို့နယ်မှ NLD ပါတီဝင်နှစ်ဦး နုတ်ထွက်

ရန်ကုန် ဇန်နဝါရီ ၂၀

မန္တလေးတိုင်း မန္တလေးအနောက်မြောက်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ်စည်းအဖွဲ့ဝင်များဖြစ်ကြသော ဦးကျော်ကျော်ဝင်းနှင့် ဦးမြဒေါင်းတို့သည် ဇန်နဝါရီ၁၉ ရက်တွင် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့ အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

အပြီးအပိုင်နုတ်ထွက်

၎င်းတို့၏ နုတ်ထွက်လွှာတွင် ၎င်းတို့သည် စစ်မှန်သော အမျိုးသားနိုင်ငံရေးကို လုပ်ကိုင်ဆောင်ရွက်လိုသဖြင့် ၎င်းတို့ဆန္ဒအလျောက် NLD ပါတီမှ အပြီးအပိုင်နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

■ ကျောဖုံးမှ

ငါးဈေးနှုန်း

ငါးဈေးနှုန်းမှာ ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးကြီးတွင် ငါးမျိုးစုံ ပိသာချိန် တစ်သိန်းခွဲဝန်းကျင် ဝင်ရောက်နေဆဲဖြစ်သည်။ အင်းငါး၊ ကန်ငါးနှင့် ရေငန်ငါးများလည်း ဆက်လက်ဝင်နေသည်။

စက်လှေများမှ ဖမ်းဆီးရမိသော ငါးသလောက်များကို အကြီး၊ အသေး ဤသို့ ရွေးချယ်ကြရသည်။

အထူးသဖြင့် ငါးသလောက်များ အဝင်များနေဆဲဖြစ်သည်။ ဗဟိုစံပြငါးဈေးကြီး၌ ငါးသလောက်အကောင်သေး တစ်ပိဿာလျှင် ကျပ် ၁၃၀၀ သာ ဈေးရှိပြီး ပုဇွန်တောင်ဈေးတွင် ငါးသလောက်တစ်ပိဿာ ကျပ် ၁၅၀၀ သာ ဈေးရှိသည်။ ငါးသလောက် အကောင်ကြီးဈေးနှုန်းမှာ ကျပ် ၃၀၀၀ မှ ကျပ် ၄၀၀၀ ဈေးရှိသည်။

ဝယ်ယူနေ

ဗဟိုစံပြ ငါးဈေးကြီးတွင် ငါးသလောက်အကောင်ကြီး လက်ရွေးစင် ငါးများကို ရေခဲရိုက်ပြီး အအေးခန်းစက်ရုံသို့ပို့ကာ ပြည်ပသို့ ပို့ရန် ကုမ္ပဏီများက ဝယ်ယူနေကြောင်း သိရသည်။

ရောင်းချ

အခြား ငါးများဖြစ်သည့် ငါးကြင်းတစ်ပိဿာ ကျပ် ၂၅၀၀၊ ငါးမြစ်ချင်းတစ်ပိဿာ ကျပ် ၁၈၀၀၊ ပုစွန်တုပ်တစ်ပိဿာ ကျပ် ၈၀၀၀ မှ ကျပ် ၁၁၀၀၀၊ ငါးရံ့တစ်ပိဿာ ကျပ် ၂၀၀၀ အသီးသီး ရောင်းချလျက်ရှိသည်။

ယနေ့ ဆန်၊ ဆီဈေး

ဆန်ဈေးနှုန်းမှာ ဆန်ကြမ်းတစ်ပြည်လျှင် အနိမ့်ဆုံးဈေး ကျပ်၅၀၀၊ အမြင့် ဆုံးဈေး ကျပ် ၆၀၀ ရှိပြီး ဆန်ကြမ်းအဟောင်းမှာ ကျပ် ၇၀၀ ရှိသည်။

ဆန်အချောဈေးနှုန်းမှာ အနိမ့်ဆုံး ဆန်တစ်ပြည်လျှင် ကျပ် ၇၀၀၊ အမြင့်ဆုံး ကျပ် ၁၀၀၀ ရှိပြီး အဟောင်းပေါ်ဆန်းမွှေး ဆန်ရှယ်တစ်ပြည် ကျပ် ၁၁၀၀ သာ ဈေးရှိသည်။ အိတ်လိုက်ဝယ်ယူလျှင် ကျပ် ၁၅၀၀ ခန့် ဈေးသက်သာသည်။

စားသုံးဆီဈေးနှုန်းမှာ တစ်ပိဿာ ကျပ် ၄၅၀၀ ဝန်းကျင်ရှိပြီး စားအုန်းဆီ တစ်ပိဿာလျှင် ၂၃၅၀ကျပ် ဈေးရှိသည်။

ဟင်းသီးဟင်းရွက်ဈေး

ဟင်းသီးဟင်းရွက်ဈေးမှာမုန်လာဥများနှင့် ဂေါ်ဖီထုပ်များ လှိုင်လှိုင်ဝင်နေဆဲဖြစ်သည်။ မုန်လာဥများ တိုက်ကြီးမှ အဝင်များလာ၍ တစ်စည်းလျှင် ကျပ် ၂၀၀ ရှိရာမှ ကျပ် ၁၀၀ အထိ ဈေးကျသွားသည်။ သီရိမင်္ဂလာဈေးတွင် ဂေါ်ဖီထုပ်အကြီး တစ်ထုပ်လျှင် ကျပ် ၃၂၀ ရှိပြီး အသေးမှာ ကျပ် ၂၂၀ ရှိသည်။

ခရမ်းချဉ်သီးဈေးမှာ လက်ကားဈေးတစ်ပိဿာလျှင် ကျပ် ၂၅၀ ကျော်ရှိပြီး လက်လီ ကျပ် ၃၅၀ ဝန်းကျင်ဖြင့် ရောင်းဝယ်လျက်ရှိသည်။

မရန်းသီးဈေး

မရန်းသီးများ ပေါ်ဦးပေါ်ဖျားဖြစ်၍ တစ်ဆယ်သားလျှင် ကျပ် ၄၀၀ ဈေးရှိပြီး များများဝယ်လျှင် ဈေးသက်သာကြောင်း သိရသည်။ ဆောင်းသီးနှံများဖြစ်သည့် ဘူးသီး၊ ခရမ်းသီးများ လှိုင်လှိုင်ထွက်နေပြီး ဘူးသီးတစ်လုံးလျှင် ကျပ် ၄၀၀ မှ ကျပ် ၅၀၀ရှိသည်။

သစ်သီးဝလံဈေး

သစ်သီးဝလံဈေးအနေဖြင့် ဖရဲသီးများ ခရမ်းမြို့နယ်မှ လှိုင်လှိုင်ဝင်လာသည်။ သီရိမင်္ဂလာဈေး ဖရဲသီးဒိုင်များတွင် အလုံးကြီးတစ်လုံးလျှင် ကျပ် ၂၀၀၀ သာ ဈေးရှိပြီး အလယ်အလတ်စားတစ်လုံးလျှင် ကျပ် ၁၀၀၀ သာ ဈေးရှိသည်။ ဖရဲသီးများ သီရိမင်္ဂလာဈေးသို့ သုံးရက်လျှင် ကားကြီးတစ်စီး ဝင်ရောက်လျက်ရှိကြောင်း သိရသည်။ ဖရဲသီးများ လှိုင်လှိုင် ဝင်လာ၍ ယခင်က အလုံးကြီးတစ်လုံးလျှင် ကျပ် ၃၀၀၀ ဈေးရှိရာမှ ကျပ် ၂၀၀၀ အထိ ဈေးကျသွားသည်။ ခရမ်းဖရဲများ အဝင်နည်းသွားပါက မင်းလှဖရဲများ ဝင်လာမည်ဖြစ်ကြောင်း သိရသည်။

သခွားမကြီးတစ်လုံးလျှင် ကျပ် ၃၀၀ မှ ကျပ် ၅၀၀ရှိသည်။ သင်္ဘောသီးမှာ အကြီး၊ အသေးပေါ်မူတည်၍ တစ်လုံးလျှင် ကျပ်၄၀၀ မှ ၇၀၀ အထိ ဈေးရှိသည်။

ကျွဲကောသီးများ လှိုင်လှိုင်ဝင်လာ၍ တစ်လုံးလျှင် ကျပ် ၇၀၀ ဈေးရှိနေရာမှ ကျပ် ၅၀၀၊ ၆၀၀ သာ ရှိတော့သည်။

အလုံးလှလှ ဆီးပန်းသီး

သီရိမင်္ဂလာဈေးကြီးတွင် အလုံးလှလှ ဆီးပန်းသီးများ မန္တလေးတိုင်း အတွင်းရှိ မိတ္ထီလာမှဝင်လာသည်။ ဆီးပန်းသီး ၈ပိဿာ ဂျပ်ဖာတစ်လုံးလျှင် ကျပ် ၃၅၀၀ ဈေးရှိပြီး ပြန်ရောင်းသူများက တစ်လုံးလျှင် ကျပ် ၅၀ မှ ကျပ် ၇၀ ဖြင့် ရောင်းချလျက်ရှိသည်။

ပန်းသီးများ လှိုင်လှိုင်ဝင်ဆဲ

ပန်းသီးများ တရုတ်နိုင်ငံဘက်မှ လှိုင်လှိုင်ဝင်နေဆဲဖြစ်သည်။ နေ့စဉ် သီရိမင်္ဂလာဈေးကြီးသို့ ပန်းသီးကား သုံးစီးမှလေးစီး ဝင်ရောက်နေသည်။

ပန်းသီးဂျပ်ဖာ တစ်လုံးလျှင် အလုံး ၅၀၊ ၆၀၊ ၇၀၊ ၈၀ အစားစား ပါဝင်သည်။ အလုံး ၆၀ပါ ဂျပ်ဖာ တစ်လုံးလျှင် ကျပ် ၇၅၀၀ ရှိပြီး အလုံး ၈၀ ပါ ဂျပ်ဖာတစ်လုံးလျှင် ကျပ် ၁၄၅၀၀ ဈေးရှိသည်။

ပန်းသီးများကိုတစ်ဆင့်လက်လီ ပြန်ရောင်းကြသူများက အကြီး အသေးကိုလိုက်၍ လေးလုံး ကျပ် ၁၀၀၀၊ သုံးလုံး ကျပ် ၁၀၀၀ ဖြင့် ရောင်းချပေးနေသည်။ အလုံးကြီးကြီးများကို ကျပ် ၄၀၀၊ ၅၀၀ စသည်ဖြင့် ရောင်းချနေသည်။

လိမ္မော်သီးဈေး

သီပေါမှထွက်ရှိသော လိမ္မော်သီးများ အဝင်နည်းသွားပြီဖြစ်ကြောင်း သိရသည်။ သီရိမင်္ဂလာဈေးကြီးတွင် လိမ္မော်သီး ပိဿာအချိန် ၁၀ လျှင် ကျပ်၅၅၀၀ ဈေးရှိနေသည်။ တစ်ဆင့်လက်လီ ပြန်ရောင်းချသူများက အကြီး အသေးပေါ် မူတည်၍ ၁၀လုံးလျှင် ကျပ် ၈၀၀ မှ ကျပ် ၁၂၀၀ အထိ ရောင်းချလျက်ရှိကြောင်း သတင်းစကား ကြားသိရသည်။ ။

(မြန်မာ့အလင်း)

သီရိမင်္ဂလာဈေး ဖရဲသီးဒိုင်၌ ဖရဲသီးများ ရောင်းချနေသည့် မြင်ကွင်းတစ်နေရာ။

ကျောင်းသား၊ ကျောင်းသူများ အောင်ပွဲဝင်ရန် ကြိုတင်ပြင်ဆင်

ဦးလှကျော်
(အငြိမ်းစားကျောင်းအုပ်ဆရာကြီး)

၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို မတ်လ ၁၀ရက်နေ့မှစ၍ လည်းကောင်း၊ အခြေခံပညာကျောင်းများ၏စာမေးပွဲများကို ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင်လည်းကောင်း ဖြေဆိုကြရမည်ဖြစ်ပါသည်။

ကျောင်းသား၊ ကျောင်းသူများ၏ အဓိကရည်မှန်းချက်မှာ စာမေးပွဲအောင်ရန်ဖြစ်သည်။ အထူးသဖြင့် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးများရရန် ကြိုးစားရပေမည်။

စာမေးပွဲအောင်ရန်မှာ ကြိုးစားရမည် ဆိုသော စာလုံးလေးလုံးဖြင့် မပြီးသေးပါ။ ထိုစာမေးပွဲအတွက် အောင်ပွဲဝင်ရန် ကြိုတင်ပြင်ဆင်ရပေသည်။ မည်သည့်အလုပ်ကိုမဆို စစ်ရောက်မှ မြားချွန်မဖြစ်ရလေအောင် ချိန်ခါရှိခိုက် လုံ့လစိုက်ရမည်။ ကြက်ခြေနီဆောင်ပုဒ်အရ "BE PREPARED"အဆင်သင့် ဖြစ်နေရမည်ဖြစ်၏။

ကျောင်းသား၊ ကျောင်းသူများသည် ဇွန်လမှစ၍ သင်ခန်းစာများကို ကျောင်းမှန်မှန်တက်၍ စာကျက်ခဲ့ကြပြီးဖြစ်သည်။ အတန်းတင်စာမေးပွဲကြီးအတွက် မိမိတို့ ကျက်မှတ်ခဲ့၊ တွက်ချက်ခဲ့ရသော သင်ခန်းစာများကို စနစ်တကျ ပြင်ဆင်ထားရမည်။ စာမေးပွဲအလွန်နီးမှ ကောက်ရိုးမီးလို ဟုန်းခနဲထတောက်၍ မရပေ။ စာမေးပွဲဖြေရမည့် အချိန်မတိုင်မီကပင် မှတ်စုများ၊ မိမိရေးခဲ့သော စာစီစာကုံးများ၊ တွက်ချက်ခဲ့သည့် သင်္ချာပုစ္ဆာများ မိမိလက်ဝယ် အဆင်သင့်ရှိနေရမည်။ စာမေးပွဲ အလွန်နီးမှ မှတ်စုများ ပျောက်ဆုံးခြင်း၊ သူငယ်ချင်းများကို ငှားလိုက်ခြင်း၊ မိမိလက်တွင် တစ်စုတစ်စည်းတည်းမရှိခြင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် မှတ်စုများ၊ ပြဋ္ဌာန်းစာအုပ်များမရှိခြင်း မဖြစ်သင့်ပေ။ ထိုမှတ်စု၊ ပြဋ္ဌာန်းစာအုပ်များသည် စာမေးပွဲတိုက်ပွဲအတွက် လိုအပ်သည့် အရေးကြီးသောလက်နက်များပင်ဖြစ်ပေသည်။ စစ်ပွဲတစ်ပွဲ ဆင်နွှဲရာတွင် လက်နက်၊ ခဲယမ်းမီးကျောက်၊ စားနပ်ရိက္ခာ၊ စစ်သည်အင်အား၊ စိတ်ဓာတ်ရေးရာ စသောအချက်များ ပြည့်စုံမှသာ တိုက်ပွဲ အောင်နိုင်သည်။

ကျောင်းသား၊ ကျောင်းသူများ၏စိတ်ဓာတ်သည် စာမေးပွဲကိုအောင်ရမည်ဟူသော "အောင်စိတ်" ကို အသည်းနှလုံးတွင် သွင်းထားရမည်။ အောင်မြင်လိုသောစိတ်နှင့်ဝင်ပါက အောင်မည်မှာ မုချဖြစ်ပါသည်။ အောင်လိုစိတ်နှင့်ဖြေပါက အောင်ရမည်ဖြစ်၏။ စားနပ်ရိက္ခာ၊ ခဲယမ်းမီးကျောက်နှင့်တူသော မှတ်စုစာအုပ်များ အဆင်သင့်ရှိပြီး စိတ်ဓာတ်ကြံ့ခိုင်လျှင် အောင်ရမည်ဖြစ်သည်။

စာမေးပွဲတိုက်ပွဲကြီးကိုအောင်ရန် ဘာသာရပ်အားလုံးကို အချိန်ရှိခိုက် အချိန်ဇယားဆွဲကာ ကျက်မှတ်၊ တွက်ချက်လေ့ကျင့်ရန် ဖြစ်ပါသည်။ မိမိအားနည်းသော ဘာသာရပ်ကို အချိန်ပိုပေး၍ ကျက်မှတ်ရမည်။ ဥပမာ အင်္ဂလိပ်စာညံ့လျှင် အခြားဘာသာတွေထက် အင်္ဂလိပ်စာကို အချိန်ပိုပေးပြီး ကျက်ရမည်။ ရေးရမည်။ ဆရာထံချဉ်းကပ်ကာ ကိုယ်တိုင် စာပိုဒ်ရေးခြင်း၊ ပေးစာရေးနည်းများကို ဆရာ့ထံ စစ်ဆေးခံရမည်။ စာပိုဒ်ကို အလွတ်ကျက် ဖြေ၍မရချေ။ ကိုယ်တိုင်စိတ်ကူးနှင့်ရေးမှ မိမိနားမလည်သော သင်ခန်းစာများကို ဆရာ၊ ဆရာမများက ပြန်လည် သင်ကြားခြင်းပြုရာတွင် မေးမြန်းနိုင်မည်။ ထို့အပြင် လွန်ခဲ့သောနှစ်များက မေးခွန်းဟောင်းများကို လေ့လာရမည်။ ပြန်လည်မမေးသော မေးခွန်းဟူ၍ မရှိပါ။

ပြဋ္ဌာန်းစာအုပ်ထဲမှ သင်ခန်းစာများကို အလျဉ်းသင့်သလို မေးပါသည်။ မေးပြီးသော မေးခွန်းကိုလည်း မမေးနိုင်ဟု မထင်မှတ်စေလိုပါ။ စာမေးပွဲနီးမှ အလျှိုလျှိုထွက်လာသော တစ်ကြိုမေးခွန်း၊ ခန့်မှန်းမေးခွန်းများကို လုံးဝနားမယောင်ရန် သတိပြုရမည်။ တစ်ကြိုခန့်မှန်းမေးခွန်းများကိုတွက်ပြီး ဖောင်းပေးကျက်မှတ်ပါက ခုတ်ရာတခြား၊ ရှရာတလွဲ ဖြစ်ပေမည်။ အရေးကြီးသည်မှာ ပြဋ္ဌာန်းချက်အားလုံးကို သိအောင်၊ နားလည်အောင် ကျက်မှတ်ထားရန် ဖြစ်ပါသည်။ ဆရာ၊ ဆရာမများကလည်း ပြန်လည်သင်ကြားရေး ကာလတွင် ခက်ခဲသောသင်ခန်းစာများကို ထပ်တလဲလဲ ရှင်းပြပါလိမ့်မည်။မေးခွန်းကိုမည်သို့ဖြေရမည်ကိုလည်း လမ်းညွှန်လေ့ကျင့်ပေးလေ့ရှိပါသည်။ သင်ပြီးသင်ခန်းစာများကို ပြန်လည် လေ့ကျင့်ရာတွင် ဆွေးနွေးခြင်းက ပိုခရီးရောက်ပါသည်။ ဆရာနှင့် သင်ခန်းစာကို ဆွေးနွေးခြင်း၊ ကျောင်းသား၊ကျောင်းသူအချင်းချင်း ဆွေးနွေးခြင်းများ ပြုလုပ်ရန်ဖြစ်ပါသည်။ ကျောင်းသား၊ကျောင်းသူချင်း ဆွေးနွေးရာတွင် မေးခွန်းတစ်ခုကို တစ်ဦးက ပြောပြသည်ကို နားထောင်ပါ။ နားထောင်ခြင်းဖြင့် မှတ်မိလွယ်ပါသည်။ တစ်ဦးနှင့်တစ်ဦး သင်ခန်းစာကို အပြန်အလှန် ဆွေးနွေးခြင်းသည် တစ်ယောက်တည်း စာကျက်သည်ထက် ပို၍ခရီးရောက်ပါသည်။

အထူးသဖြင့် တက္ကသိုလ်ဝင်တန်း ဖြေကြရမည့် တပည့်များထဲမှ ကျောင်းသားသစ်နှင့် နှစ်ဟောင်းသမားများ ပါဝင်ပါသည်။ ယခုနှစ်မှဖြေမည့် ကျောင်းသား၊ ကျောင်းသူသစ်က တန်းစဉ်အောင်လာ၍ ပုံမှန်ကျက်မှတ်၍ ရပါသည်။ နှစ်ဟောင်းသမားအဖို့ စာကျက်သည့်အခါ (ဒီသင်ခန်းစာဟာဖတ်ပြီးသား၊ သိပြီးသားပါဆိုပြီး) ချန်လှပ်၍ မကျက်မှတ်ဘဲနေ၍ မရပါ။ ဖတ်ပြီးသား ဆိုသော်လည်း သင်ခန်းစာအသစ်အဖြစ် သဘောထားပြီး ကျက်ရပါမည်။ နှစ်ထပ်ရှိမှ မှတ်မိမည်ဖြစ်ပါသည်။

ပြဋ္ဌာန်းစာအုပ်ပါသင်ခန်းစာများကို "ကြောင်ပုစွန်စားကြွပ်ကြွပ်ဝါး" ဆိုသကဲ့သို့ ကျက်မှတ်ပြီးလျှင် စာမေးပွဲအောင်ရန် ရာနှုန်းများများစိတ်ချနေနိုင်ပါပြီ။ **စာမေးပွဲဟူသည် စာကိုမေးသောပွဲဖြစ်၍ စာရနေသူအဖို့ စာမေးပွဲကို ကြောက်စရာမလိုပါ။ စာတွေရပြီး ကြိုတင်ပြင်ဆင်ထားက အောင်ပွဲဝင်ရန်သာရှိပါသည်။ စာမေးပွဲဟူသည် ပြဋ္ဌာန်းစာကိုသာမေး၍ ပြဋ္ဌာန်းစာကို ညက်ညက်ကျေနေအောင် ကျောင်းသား၊ ကျောင်းသူများက ကြိုးစားရပါမည်။**

ကျောင်းသား၊ကျောင်းသူများအဖို့ စာရနေသော်လည်း မေးခွန်း၏ သဘောကိုမသိဘဲ ဖြစ်နေမည် စိုးရိမ်သောကြောင့် ဆရာများက မေးခွန်း၏သဘောကို သိရန်၊ ဆောင်ရန်၊ ရှောင်ရန်တို့ကို သေချာစွာရှင်းပြပါလိမ့်မည်။ နောက်ဆုံး တစ်ချက်အနေဖြင့် ထိုသို့စာမေးပွဲအတွက် ပြင်ဆင်ချိန်တွင် ကျန်းမာရေးကို ဂရုစိုက်ရပါမည်။ စာမေးပွဲကိုကြောက်အားလန့်အား အောင်လိုဇောဖြင့် နေ့မနား၊ ညမအိပ်ဘဲ အပြင်းအထန် ကြိုးစားပါက စာမေးပွဲဖြေချိန်တွင် ဖျားနာနေတတ်ပါသည်။ သို့ပါ၍ ပြင်ဆင်ချိန်တွင် ကျက်ပြီးသားစာများကို အေးဆေးစွာ ပြန်လည် ကျက်မှတ်နေရပါမည်။

မိဘများသို့ အထူးပန်ကြားလိုသည်မှာ ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ပြင်ဆင် အောင်ပွဲဝင်နိုင်ရန် ပညာရေး တြိဂံတွင်ပါဝင်သော မိဘများ၏ အခန်းကဏ္ဍမှာလည်း အရေးကြီးကြောင်း သိစေလိုပါသည်။

ကျောင်းသား၊ကျောင်းသူများသည် ၎င်းတို့ကိုယ်တိုင် စိတ်ပါဝင်စားစွာ စာကျက်၍ ကြိုတင်ပြင်ဆင်လျက်ရှိပါသည်။ ဆရာများကလည်း ၎င်းတို့၏ အဓိကတာဝန် ကျေပွန်အောင် အားစိုက်ခွန်စိုက် ပြန်လည်သင်ကြားလျက်ရှိပါသည်။ မိဘဖြစ်သူများကလည်း စာမေးပွဲဖြေရန် နှစ်လအလိုခန့်တွင် မိမိသားသမီးများအား သတိထား၍ ကြီးကြပ်ကွပ်ကဲရန် လိုပါသည်။ မည်မျှပင် အလုပ်ကိစ္စများစေကာ မိမိရင်သွေး စိတ်အေးလွယ်ကူစွာ စာကျက်နိုင်ရန် အခြေအနေကောင်းကို ဖန်တီးပေးရန် လိုအပ်ပါသည်။ အချို့မိဘများသည် စီးပွားရေးနှင့် လူမှုရေးကိစ္စများဖြင့် မအားလပ်နိုင်အောင် အလုပ်ရှုပ်လျက် ရှိသော်လည်း မိမိရင်သွေးများ၏ ပညာရေးကို အချိန်ပြည့်ကြီးကြပ်ရမည်။ အထူးသဖြင့် သား၊သမီးများ၏ စာကျက်ချိန်၊ အားလပ်ချိန်၊ အိပ်ချိန်၊ စားချိန်များကို ဂရုစိုက်ရန် လိုအပ်ပါသည်။ အကယ်၍ မိဘနှစ်ပါး မအားလပ်ပါက အတူနေ အဘိုး၊ အဘွား၊ ဦးကြီး၊ ဒေါ်ကြီး၊ အစ်ကို၊ အစ်မ တစ်ဦးဦးအား ထိုတာဝန်ကို ပေးရန်ဖြစ်ပါသည်။ ပညာရေးတြိဂံတွင် မိဘ၊ ဆရာ၊ ကျောင်းသား သုံးဦး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ပါက ပညာရေးကောင်းမည်မှာ မုချဖြစ်ပါသည်။

မိဘများအနေဖြင့် သား၊ သမီးများအား မိမိစီးပွားရေးလုပ်ငန်း အခြားကိစ္စများတွင် မလွှဲမရှောင်သာ၍ တာဝန်ပေးသည်မှအပ ထိုစာမေးပွဲနီးသော နှစ်လအချိန်တွင် တာဝန်မပေးစေလိုပါ။ သား၊သမီးများ စိတ်လွတ်လပ်စွာ စာကျက်နိုင်ရန် ကူညီပေးသင့်ပါသည်။

ကြိုတင်ပြင်ဆင် အောင်ပွဲဝင်ရန် ဆိုသည်ကို ကျောင်းသား၊ ကျောင်းသူများ သဘောပေါက်လိုက်နာ ဆောင်ရွက်မည်ဆိုလျှင် စာမေးပွဲဖြေချိန်တွင် အသင့်ဖြစ်နေမည်ဖြစ်ကြောင်း အကြံပြုလိုက်ရပါသတည်း။ ။

အနေကဇာတင်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၀

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ညောင်ပင်ဆိပ်ကျေးရွာ သပြေကုန်းရပ်ကွက်၌ အောင်ပြဋ္ဌာန်းစေတီတော် မြတ်ကြီး၏ အုတ်မြစ်ချပွဲနှင့် သုံးရာသီရပ်ပွားတော်များကို ဗုဒ္ဓါဘိသေက မင်္ဂလာအနေကဇာတင်ပွဲ ကျင်းပမည်ဖြစ်ရာ ညောင်ပင်ဆိပ်ကျေးရွာ တိုက်ကျောင်းဆရာတော် အမှူးပြုသော သံဃာတော်အရှင်မြတ်တို့က ဇန်နဝါရီ ၂၂ရက် နံနက် ၁၀နာရီ ၄၉ မိနစ်တွင် တည်ထားမည့် စေတီတော် မြတ်ကြီး၏ အုတ်မြစ်ချပွဲနှင့် ဌာပနာမည့် သုံးရာသီရပ်ပွားတော်များကို ဗုဒ္ဓါဘိသေကမင်္ဂလာ အနေကဇာတင်မည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

သတင်းအချက်အလက်မြေပုံစနစ်နှင့်ဂြိုဟ်တုဓာတ်ပုံများ အသုံးချစနစ်သင်တန်းများ ပို့ချမည်

ရန်ကုန် ဇန်နဝါရီ ၂၀

သတင်းအချက်အလက် နည်းပညာနှင့် ကွန်ပျူတာနည်းပညာများ ပြန့်ပွားရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းနှင့် Myanmar Credent Technology တို့ ပူးပေါင်းစီစဉ်မှုဖြင့် သတင်းအချက် အလက်မြေပုံစနစ် (Geographic Information System- GIS) သင်တန်းကို နေပြည်တော် ပျဉ်းမနားရှိ အင်ကြင်းခိုင် Cyber Business Center ဖုန်း-၀၆၇-၄၂၀၉၅၄၌ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့တိုင်း မွန်းလွဲ ၂ နာရီခွဲမှ ညနေ ၄ နာရီအထိ လည်းကောင်း၊ ဂြိုဟ်တုဓာတ်ပုံနှင့် ကောင်းကင်ဓာတ်ပုံများ အသုံးချစနစ် (Remote Sensing)သင်တန်းကို ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ Myanmar Info-Tech e-Learning Center၌ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့များတွင် ညနေ ၅ နာရီမှ ၆ နာရီခွဲအထိ လည်းကောင်း ဖွင့်လှစ်သင်ကြားမည် ဖြစ်သည်။

အဆိုပါသင်တန်းနှစ်ခုစလုံးကို ဖေဖော်ဝါရီ ၁၉ ရက်မှ မေ ၆ ရက် အထိ သင်တန်းသား ၂၀ စီသာ လက်ခံသင်ကြားပို့ချမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက Myanmar Info-Tech ရှိ မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်အသင်း အဆောင် ၄၊ အခန်း ၄ ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပို့ဆောင်ရေး အမျိုးသမီးဘောလုံးအသင်းမှ လက်ရွေးစင်အားကစားသမားများအား ဂုဏ်ပြု

ရန်ကုန် ဇန်နဝါရီ ၂၀

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း၌ ပါဝင်ခဲ့ကြသော ပို့ဆောင်ရေးဝန်ကြီးဌာန အမျိုးသမီးဘောလုံးအသင်းမှ အားကစားသမားများနှင့် သတ္တမအကြိမ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘောလုံးပြိုင်ပွဲ ပထမအကျော့တွင် အမှတ်အများဆုံးရရှိခဲ့သည့် ပို့ဆောင်ရေးဝန်ကြီးဌာန အမျိုးသမီးဘောလုံးအသင်းတို့အား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၁၇ရက် ညနေ ၃နာရီက ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်း၌ ပါဝင်ခဲ့ကြသည့် အားကစားသမားများအား လည်းကောင်း **(အပေါ်ပုံ)**၊ အထွေထွေမန်နေဂျာ ဦးမောင်မောင်လွင်က ပို့ဆောင်ရေးအမျိုးသမီးဘောလုံးအသင်းမှ အားကစားသမားများအားလည်းကောင်း ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။ (မြန်မာ့အလင်း)

မိုးကုတ်ဝိပဿနာ ကမ်းပြိုကျောင်းသို့ အလှူငွေများလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် နည်းပညာတက္ကသိုလ်အနီး ကမ်းပြိုရပ်ကွက် မိုးကုတ်ဝိပဿနာ ကမ်းပြို ကျောင်းအတွင်း တည်ဆောက်မည့် လှရတနာ နှစ်ထပ်ယောဂီဆောင်အတွက် ဒေါ်ကျင်ရီသုဓမ္မာလမ်းမကြီး မြောက်ဥက္ကလာပက အလှူငွေကျပ်တစ်သိန်းကို မိုးကုတ်နယ်လှည့် ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးတိလောက ရှေ့မှောက်၌လှူဒါန်းရာ ဥက္ကဋ္ဌက လက်ခံရယူသည်။ အထက်ပါကျောင်းသို့ လှူဒါန်းလိုပါက ဖုန်း-၀၉-၅၁-၁၀၇၃၀သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

သဃ်န်းကျွန်းမြို့နယ် အမက (၁၅) ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို ဇန်နဝါရီ၈ရက်က ကျင်းပရာ သူငယ်တန်း ပထမဆုရ မသွယ်သွယ်အောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ဦး ဂုဏ်ပြုဆုချီးမြှင့်စဉ်။
(၁၇၁)

မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် နှစ်ပတ်လည်ညီလာခံအထိမ်းအမှတ်

အိမ်မွေးတိရစ္ဆာန်ပြပွဲပြိုင်ပွဲ ၂၀၀၈ ကျင်းပမည်

တွေ့ဆုံမေးမြန်း - မောင်မောင်မြင့်ဆွေ ဓာတ်ပုံမှတ်တမ်း- တင်စိုး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု- ထိန်လင်း

ရန်ကုန် ဇန်နဝါရီ ၂၀

နိုင်ငံတကာမှာ အိမ်မွေးတိရစ္ဆာန်ပြပွဲပြိုင်ပွဲတွေ ကျင်းပနေသလို အိမ်မွေးတိရစ္ဆာန်မွေးမြူကြတာဟာလည်း ကျယ်ပြန့်ထွန်းကားနေပြီ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း အိမ်မွေးတိရစ္ဆာန် မွေးမြူတဲ့ဓလေ့ တဖြည်းဖြည်း ထွန်းကားလာတာကို တွေ့နေရပါတယ်။

အခုဆိုရင် အိမ်မွေးတိရစ္ဆာန် မွေးမြူသူများ အသင်းက ကြီးမှူးပြီး အိမ်မွေးတိရစ္ဆာန်ပြပွဲပြိုင်ပွဲ ၂၀၀၈ကို မကြာမီအချိန်မှာ ကျင်းပတော့မှာဖြစ်တာမို့ ဒီပြပွဲ ပြိုင်ပွဲနဲ့ပတ်သက်ပြီး သတင်းအချက်အလက် ပြည့်ပြည့်စုံစုံ သိစေဖို့ တာဝန်ရှိတဲ့သူတွေကို တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါတယ်။

ဒီလို တွေ့ဆုံမေးမြန်းဖို့အတွက် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာဇော်ဝင်းမြတ်နဲ့ တွေ့ဆုံတဲ့အခါ **"ဒီပြပွဲ ပြိုင်ပွဲကို မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ရဲ့ နှစ်ပတ်လည် ညီလာခံ အထိမ်းအမှတ် အဖြစ်နဲ့ အိမ်မွေး တိရစ္ဆာန်မွေးမြူသူများအသင်းက ကြီးမှူး ကျင်းပမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ် အနေနဲ့ စားသုံးတဲ့ပြည်သူတွေ အသား၊ ဥနဲ့ နို့တွေကို ဈေးနှုန်းသက်သာစွာ စားသုံးနိုင်ကြရေးနဲ့ တိုးတက်ထုတ်လုပ်နိုင်ရေးစတဲ့ ရည်ရွယ်ချက် (၈) ရပ်နဲ့အညီ အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။ ဒီလို အကောင်အထည် ဖော် လုပ်ဆောင်တဲ့နေရာမှာ မြန်မာနိုင်ငံ မွေးမြူရေးနဲ့ ရေလုပ်ငန်း ဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်တွေယူပြီး ကြိုးစားအကောင်အထည်ဖော်နေပါတယ်"**လို့ ပြောပြပါတယ်။

ရည်ရွယ်

"မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ကို ၁၉၉၉ခုနှစ် အောက်တိုဘာ ၂၄ရက်မှာ စတင်ဖွဲ့စည်းခဲ့တာဟာ အခုဆိုရင် ရှစ်နှစ်ပြည့်မြောက်ပြီဖြစ်ပါတယ်။ နှစ်စဉ်နှစ်ပတ်လည် ညီလာခံတွေ ကျင်းပနိုင်ခဲ့သလို ကုန်ဈေးနှုန်းတည်ငြိမ်အောင်လဲ အတတ်နိုင်ဆုံး ကြိုးစားပေးနိုင်ခဲ့ပါတယ်။ အခုဆိုရင် နှစ်ပတ်လည် ညီလာခံနဲ့အတူ အိမ်မွေးတိရစ္ဆာန် ပြပွဲ ပြိုင်ပွဲကို ကျင်းပပေးမှာ ဖြစ်ပါတယ်။ ဒါဟာ အိမ်မွေးတိရစ္ဆာန်ရဲ့အသုံးဝင်မှုနဲ့ အိမ်မွေးတိရစ္ဆာန်တွေအပေါ် ပြည်သူတွေ ပိုပြီး အာရုံစိုက် သတိပြုမိကြစေဖို့အတွက်လဲ ရည်ရွယ်ပါတယ်"လို့ ဒေါက်တာဇော်ဝင်းမြတ်က ရှင်းပြပါတယ်။

ဆက်လက်ပြီး အိမ်မွေးတိရစ္ဆာန် များပြပွဲပြိုင်ပွဲ ၂၀၀၈နဲ့ ပတ်သက်လို့ အိမ်မွေးတိရစ္ဆာန် မွေးမြူသူများအသင်း (ဗဟို)ဥက္ကဋ္ဌ ဒေါက်တာဝင်းမြင့်နဲ့ တွေ့ဆုံမေးမြန်းတဲ့အခါ **"ဒီပြပွဲ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂ရက်နဲ့ ၃ရက်တွေမှာ ကျင်းပမှာဖြစ်ပါတယ်။ ပြိုင်ပွဲဝင်လျှောက်**

"ကုမ္ပဏီပြခန်းတွေ ဆောက်လုပ်ပေးမှာပါ"
ဦးလိုကင်ဆိုင်း(ကိုဆိုင်း)
(ပြခန်းတာဝန်ခံ)

လွှာခေါ်တာကတော့ ဇန်နဝါရီ ၂၅ရက်မှာ ပိတ်ပါမယ်။ လျှောက်လွှာတွေကို တိရစ္ဆာန်အစားအစာရောင်းတဲ့ဆိုင်တွေ၊ တိရစ္ဆာန် ဆေးကုသခန်းတွေနဲ့ အိမ်မွေးတိရစ္ဆာန် မွေးမြူတဲ့သူတွေထံ ပေးပို့ထားပြီးလဲ ဖြစ်ပါတယ်။ သီးသန့်ဝင်ရောက် ယှဉ်ပြိုင်တဲ့ အိမ်မွေးတိရစ္ဆာန်တွေအတွက်လဲ ဘုရင့်နောင်လမ်းမနဲ့ စက်မှုဆေးဝါးလမ်းထောင့် ကြို့ကုန်းမှာရှိတဲ့ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ရုံးမှာ ဝယ်ယူလို့ရပါတယ်"လို့ ပြောပြပါတယ်။

အိမ်မွေးတိရစ္ဆာန်ပြပွဲ ပြိုင်ပွဲ ၂၀၀၇ ခုနှစ်၌ ဤသို့ ယှဉ်ပြိုင်ခဲ့ကြသည်။
(ဝဲနှင့်ယာ)

ချီးမြှင့်မည်

အိမ်မွေးတိရစ္ဆာန် ပြပွဲ ပြိုင်ပွဲမှာ ပါဝင်ပြသယှဉ်ပြိုင်ရမယ့်အိမ်မွေးတိရစ္ဆာန်တွေအကြောင်း ဒေါက်တာဝင်းမြင့်ကို မေးမြန်းတဲ့အခါ **"ပြိုင်ပွဲမှာ ခွေးကြီး၊ ခွေးလတ်၊ ခွေးငယ်၊ ပါပီ၊ ခွေးအလိမ္မာနဲ့ ကြောင် စတဲ့အုပ်စုတွေခွဲပြီး ကျင်းပပေးမှာဖြစ်ပါတယ်။ အတန်းလိုက်၊ အုပ်စုလိုက် ပထမ၊ ဒုတိယ၊ တတိယဆုတွေ ချီးမြှင့်ပေးသွားမှာပါ။ ပထမဆု ငွေကျပ်တစ်သိန်း၊ ဒုတိယဆု ငွေကျပ်**

"ခွေးအလိမ္မာနဲ့ ကြောင် စတဲ့ အုပ်စုတွေခွဲပြီး ကျင်းပပေးမှာ ဖြစ်ပါတယ်"
ဒေါက်တာဝင်းမြင့်(ဥက္ကဋ္ဌ)
အိမ်မွေးတိရစ္ဆာန်မွေးမြူသူများ
အသင်း(ဗဟို)

ခုနစ်သောင်းခွဲနဲ့ တတိယဆု ငွေကျပ်ငါးသောင်း ချီးမြှင့်သွားမှာဖြစ်တဲ့အပြင် ဘက်စုံအကောင်းဆုံးဆုကတော့ ငွေကျပ်နှစ်သိန်းချီးမြှင့်မှာ ဖြစ်ပါတယ်"လို့ ရှင်းပြပါတယ်။

ဒါ့အပြင် ခြောက်လအောက် အိမ်မွေးတိရစ္ဆာန် ပြပွဲ ပြိုင်ပွဲလည်း ထည့်သွင်းကျင်းပပေးမှာဖြစ်ပြီး လှပမှု၊ လိမ္မာမှု၊ အမိန့်နာခံမှုစတဲ့အချက်တွေကို ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ ဒီပြပွဲ ပြိုင်ပွဲဝင်ကြေးကတော့ ငွေကျပ်ငါးထောင်ဖြစ်ကြောင်းလည်း သိရပါတယ်။

အိမ်မွေးတိရစ္ဆာန် ပြပွဲ ပြိုင်ပွဲမှာ ပြခန်းတွေ၊ စားသောက်ဆိုင်တွေ ပါဝင်ခင်းကျင်းပြသမှုနဲ့ပတ်သက်ပြီး **"ရုံးအဆောက်အအုံအတွင်းမှာတော့ မွေးမြူရေး လုပ်ငန်းနဲ့ပတ်သက်တဲ့ ကုမ္ပဏီပြခန်းတွေ ပါဝင်ပြသမှာဖြစ်ပြီး အရောင်းပြခန်းနဲ့ စားသောက်ဆိုင်တွေကတော့**

"မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ရဲ့ နှစ်ပတ်လည်ညီလာခံ အထိမ်းအမှတ်အဖြစ်နဲ့ ကျင်းပမှာ ဖြစ်ပါတယ်"
ဒေါက်တာဇော်ဝင်းမြတ်
(အထွေထွေအတွင်းရေးမှူး)
မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း
အဖွဲ့ချုပ်

ရုံးအဆောက်အအုံ မျက်နှာစာနဲ့ ဘေးပတ်လည်မှာ နေရာပေးထားပါတယ်။ ဒီနှစ်မှာ ထူးခြားတာက ပြခန်းတွေမှာ ခွေးအလှပြုပြင်ရေးပြခန်းတစ်ခု ပါဝင်ပြသမှာပဲဖြစ်ပါတယ်။ ဒီပြခန်းမှာ ခွေးလက်သည်းညှပ်တာ၊ အမွေးရိတ်တာနဲ့ သန့်ရှင်းရေးပြုလုပ်ပုံတွေကို ပြသပေးသွားမှာဖြစ်ပါတယ်"လို့ ပြောပြသွားပါတယ်။

ပြခန်းနဲ့ ဆိုင်ခန်း အရေအတွက်ကတော့ စုစုပေါင်း ၄၀ကျော်လောက် ပါဝင်မှာဖြစ်ပြီး တိရစ္ဆာန်အစာနဲ့ ဆေးအရောင်းဆိုင်တွေ အပါအဝင် အိမ်မွေးတိရစ္ဆာန် အလှပြခန်းတွေလည်း ပါဝင်ပြသမှာဖြစ်ပါတယ်။

အမှတ်

အိမ်မွေးတိရစ္ဆာန် ပြပွဲ ပြိုင်ပွဲမှာ ပြိုင်ပွဲဝင်မယ့်တိရစ္ဆာန်တွေကို ကျန်းမာရေးအတွက် အမှတ်၃၀ပေးပြီး ဒိုင်အဖွဲ့က အမှတ်၇၀ပေးမှာပါ။ ဆက်လက်ပြီး အိမ်မွေးတိရစ္ဆာန် မွေးမြူသူများအသင်း (ဗဟို)ဒုတိယဥက္ကဋ္ဌနဲ့ အိမ်မွေးတိရစ္ဆာန် ပြပွဲ ပြိုင်ပွဲ ၂၀၀၈ပြခန်း တည်ဆောက်

အိမ်မွေးတိရစ္ဆာန်တွေအပေါ် ပြည်သူတွေ ပိုပြီး အာရုံစိုက်သတိပြုမိကြစေဖို့ ရည်ရွယ်။

ဒေါက်တာဇော်ဝင်းမြတ်

ခွေးအလှပြုပြင်ရေး ပြခန်းတစ်ခု ပါဝင်ပြသမှာဖြစ်။

ဒေါက်တာဝင်းမြင့်

ရေးတာဝန်ခံ ဦးလိုကင်ဆိုင်း(ကိုဆိုင်း)ကို ပြခန်းတွေနဲ့ ပြပွဲ ပြိုင်ပွဲကျင်းပမယ့် ပြိုင်ပွဲရုံတည်ဆောက်မှုအပေါ် မေးမြန်းတဲ့အခါ **"ကုမ္ပဏီပြခန်းတွေကိုတော့ ကိုးပေပတ်လည်အကျယ် ဆောက်လုပ်ပေးပြီး ရုံးအဆောက်အအုံ အပြင်ဘက်ဝင်းအတွင်းက ပြခန်း၊ ဆိုင်ခန်းတွေကတော့ ၁၀ပေပတ်လည် အကျယ်ရှိတဲ့ အခန်းတွေ ဆောက်လုပ်ပေးမှာပါ။ အိမ်မွေးတိရစ္ဆာန် ပြပွဲ ပြိုင်ပွဲရုံကတော့ အလျားပေ၈၀နဲ့ အနံပေ၅၀ရှိတဲ့ ပြိုင်ပွဲရုံ ဆောက်လုပ်ပေးသွားမှာဖြစ်ပါတယ်။ ဒီပြခန်း၊ ဆိုင်ခန်းနဲ့ ပြိုင်ပွဲရုံတွေကို ဇန်နဝါရီ ၂၈ရက်မှာ စတင်ဆောက်လုပ်သွားမှာပါ"**လို့ ကိုဆိုင်းက ဖြေကြားသွားပါတယ်။

အားပေးနိုင်

ဒါကြောင့်မို့ ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းနဲ့ စက်မှုဆေးဝါးလမ်းထောင့် ကြို့ကုန်းမှာရှိတဲ့ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး)ဝင်းအတွင်းမှာ ဖေဖော်ဝါရီ ၂ရက်နဲ့ ၃ရက်တွေမှာ ကျင်းပမယ့် အိမ်မွေးတိရစ္ဆာန် ပြပွဲ ပြိုင်ပွဲ ၂၀၀၈ကို အခမဲ့ လာရောက်ကြည့်ရှု အားပေးနိုင်ပါကြောင်း သတင်းကောင်းပါးရေးသားလိုက်ရပါတယ်။ ။

(မြန်မာ့အလင်း)

အိမ်မွေးတိရစ္ဆာန် ပြပွဲပြိုင်ပွဲ Myanmar Pet Show ၂၀၀၈တွင် ပါဝင်ပြသယှဉ်ပြိုင်ကြမည့် အလိမ္မာခွေးများကို ဤသို့တွေ့ရသည်။

ဂျပန်နိုင်ငံနှင့်မဲခေါင်ဒေသ နိုင်ငံများအကြား နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမှ ဝန်ကြီးဦးဉာဏ်ဝင်း ပြန်လည်ရောက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၀

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဇန်နဝါရီ ၁၆ရက်နှင့် ၁၇ရက်တို့တွင် ကျင်းပခဲ့သည့် ဂျပန်နိုင်ငံနှင့် မဲခေါင်ဒေသနိုင်ငံများအကြား နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ဇန်နဝါရီ ၁၈ ရက်က လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

အဆိုပါ ဂျပန်နိုင်ငံနှင့် မဲခေါင်ဒေသနိုင်ငံများအကြား နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ မြန်မာနိုင်ငံအပါအဝင် မဲခေါင်ဒေသငါးနိုင်ငံဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ နိုင်ငံ ခြားရေးဝန်ကြီးဌာနဝန်ကြီးများ တက်ရောက်ခဲ့ကြပြီး **(အပေါ်ပုံ)** အိမ်ရှင် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးမစ္စတာမာဆဟီကိုကိုမုရက အစည်းအဝေးသဘာပတိအဖြစ် ဆောင်ရွက်သည်။

ကျယ်ကျယ်ပြန့်ပြန့်

အစည်းအဝေးတွင် ဂျပန်နိုင်ငံနှင့် မဲခေါင်ဒေသနိုင်ငံများအကြား နိုင်ငံရေး၊ စီးပွားရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ယဉ်ကျေးမှုကဏ္ဍများ အပါအဝင် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကို ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများနှင့်အတူ အစည်းအဝေး၏ ဆောင်ပုဒ်များဖြစ်သည့် ယုံကြည်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်မှုဟူသည့် ခေါင်းစဉ်များအောက်မှ ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းဆွေးနွေးကြပြီး ဒေသတွင်း တည်ငြိမ်အေးချမ်းမှုနှင့် စည်ပင်ဝပြောမှု ဖွံ့ဖြိုးတိုးတက်လာခြင်းသည် အာဆီယံအဖွဲ့ကြီး တောင့်တင်းခိုင်မာမှုနှင့် အရှေ့အာရှဒေသအတွက် အရေးပါကြောင်းနှင့် ဒေသတွင်း အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရရှိသည့်အခွင့်အရေးနှင့် ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို မျှဝေခံစားခြင်းသည် ဒေသ၏အနာဂတ်မျှော်လင့်ချက်နှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးကြောင်းတို့ကို ဆွေးနွေး အမြင်ခြင်း ဖလှယ်ကြသည်။ ထို့အပြင် ၂၀၀၉ခုနှစ်ကို မဲခေါင်-ဂျပန်ဖလှယ်ရေးနှစ်အဖြစ် သတ်မှတ်ကျင်းပရန် ဆုံးဖြတ်ခဲ့ကြသည်။

ညစာစားပွဲ

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဇန်နဝါရီ၁၆ရက် မွန်းလွဲပိုင်းက ကိုယ်စားလှယ်အဖွဲ့ဝင် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးလှမြင့်လိုက်ပါ၍ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာအိုဆာမုအုနိုက ကြိုဆိုဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ပြီး ဝန်ကြီးသည် သံအမတ်ကြီးလိုက်ပါလျက် အခြားနိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးများနှင့်အတူ ဝန်ကြီးချုပ်ရုံးသို့ သွားရောက်ကာ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာယာဆူအိုဖူးကုဒါအား စုပေါင်း၍ ဂါရဝပြုတွေ့ဆုံကြသည်။ ညပိုင်းတွင် ဝန်ကြီးသည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ဖိတ်ခေါ်ခဲ့

ဝန်ကြီးသည် ဇန်နဝါရီ ၁၇ရက်တွင် ဂျပန်-မဲခေါင်ဒေသ လွှတ်တော်အမတ်များ ချစ်ကြည်ရေးအသင်းက တည်ခင်းဧည့်ခံသည့် နံနက်စာစားပွဲသို့ တက်ရောက်ပြီး မဲခေါင်ဒေသ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဆွေးနွေးပွဲသို့လည်း တက်ရောက်ကာ ဂျပန်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအား မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို အကျယ်တဝင့် ရှင်းလင်းပြောကြား၍ လာရောက် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ခဲ့သည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာမာဆဟီကိုကိုမုရအား သီးခြားသွားရောက်တွေ့ဆုံကာ နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

တက်ရောက်

ဝန်ကြီးသည် ဇန်နဝါရီ၁၆ရက်တွင် တိုကျိုမြို့ရှိ မြန်မာသံရုံးသို့ သွားရောက်ကာ သံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများအား တွေ့ဆုံနှုတ်ဆက်ပြီး ရုံးလုပ်ငန်းဆိုင်ရာများကို ကြည့်ရှုစစ်ဆေးသည်။ ဝန်ကြီးသည် ဇန်နဝါရီ ၁၇ရက်ညပိုင်းတွင် သံအမတ်ကြီး၏နေအိမ်၌ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

(သတင်းစဉ်)

တည်ဆောက်ဆဲ မဟာစည်ဓမ္မဗိမာန်တော်ကြီးအတွက် ဦးချိန်ဆိုင် (အမှုဆောင်) ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်အားရည်စူး၍ အမှတ်(၃၁/ဘီ) နဝဒေးလမ်း ယောမင်းကြီးရပ်ကွက် ဒဂုံမြို့နယ် ရန်ကုန်တိုင်းနေ ဇနီးဒေါ်စန်းကြူ (အမှုဆောင် အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့)က ငွေကျပ်သိန်း ၅၀ကို မဟာစည်သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းထိန်၊ တွဲဖက်အတွင်းရေးမှူး ဦးဖုန်းမြင့်နှင့် ဘဏ္ဍာရေးမှူး ဦးကျော်ဇောတို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပျော်ဘွယ် အရှင်ဝိသုဒ္ဓရုံသီ၏ တရားပွဲများ

ရန်ကုန် ဇန်နဝါရီ ၂၀

မြောက်ဥက္ကလာပမြို့နယ် မယ်လမုဘုရားအနီး ဓမ္မသီဂိပျော်ဘွယ်ပရိယတ္တိစာသင်တိုက်နှင့် မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင် ဓမ္မသီဂိပျော်ဘွယ်ပဋိပတ္တိသာသနာ့ရိပ်သာတို့၏ ပဓာန နာယက ဂန္ထဝါစကပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ ပြည်တွင်းပြည်ပ သာသနာပြု ဓမ္မကထိကပျော်ဘွယ်အရှင်ဝိသုဒ္ဓရုံသီသည် ဇန်နဝါရီ ၂၂ရက် မွန်းလွဲ ၁နာရီတွင် လှူငယ်တရားပွဲနှင့် ညတရားပွဲများကို ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာမြို့နယ်ဓမ္မာရုံ၌လည်းကောင်း၊ ဖေဖော်ဝါရီ ၈ရက် ညတွင် မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ် (၇)ရပ်ကွက် ဓမ္မာရုံ၌လည်းကောင်း၊ ၁၃ ရက်နှင့် ၁၄ ရက်များတွင် ဓနုဖြူမြို့နယ် ဖန်ခါးကွင်းကျောင်းတိုက်၌ လည်းကောင်း၊ ၁၆ ရက်၊ ၁၇ရက်နှင့်၁၈ရက်များတွင် ညောင်တုန်း တရားပွဲ၊ ၂၀ ရက်နှင့် ၂၁ ရက်များတွင် ပျော်ဘွယ်မြို့နယ် ဇိုတောကျောင်း ဘုရားပွဲအကြို အထူးတရားပွဲတို့၌ ဟောကြားမည် ဖြစ်ကြောင်း သိရသည်။

(က-ပ)

စိတ်ဝင်စားစရာ ရောင်စုံစမ်းချောင်း ပန်းချီပြပွဲ

ပန်းချီခံစားမှု-မိုးမြင့်လင်းလက် ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု-ထိန်လင်း

ရန်ကုန် ဇန်နဝါရီ ၂၀

မြန်မာ့ပန်းချီ အနုပညာလောကမှာ မျိုးဆက်သစ်အနုပညာရှင်တွေ အင်နဲ့အားနဲ့ဝင်ရောက်လာတာဟာ အားတက်စရာကောင်းတဲ့ အချက်ပါပဲ။ ထိုက်သင့်တဲ့ အရည်အချင်းတွေကိုဆွဲကိုင်ပြီး ပန်းချီအနုပညာနယ်ပယ်ကို ရဲရဲဝံ့ဝံ့တိုးဝင်လာတဲ့ ပန်းချီမျိုးဆက်သစ်လူငယ်တွေကို လက်ကမ်းကြိုဆိုရမှာ ဖြစ်ပါတယ်။

ဒီလိုမျိုးဆက်သစ်ပန်းချီ အနုပညာရှင်လေးတွေဖြစ်တဲ့ ရန်ကုန်ပန်းချီ၊ ပန်းပုကျောင်း (၂၀၀၃-၂၀၀၄) ကျောင်းဆင်းတွေရဲ့ (၇)ကြိမ်မြောက် ပန်းချီပြပွဲဖြစ်တဲ့**"ရောင်စုံစမ်းချောင်း"** လို့ အမည်ပေးထားတဲ့ ပန်းချီပြပွဲတစ်ခုကို ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေး အရှေ့ဘက်တန်း မြန်မာနိုင်ငံရိုးရာ ပန်းပညာရှင်များအသင်း(ဗဟို)ပြခန်းမှာ ဇန်နဝါရီ ၁၈ရက်မှ ၂၆ရက်အထိ ခင်းကျင်း ပြသထားပါတယ်။

လှေကို ရေပြင်ပေါ်မှာ ကြွနေအောင် ရေးဆွဲထားသည့် စောလင်းအောင်၏ "အပြာရောင်ပုံရိပ်" ပန်းချီကား။

ကျောင်းဆင်းပန်းချီ အနုပညာရှင် အမျိုးသားခုနစ်ဦးနဲ့ အမျိုးသမီးလေးဦးတို့ပါဝင်တဲ့ **"ရောင်စုံစမ်းချောင်း"** ပန်းချီပြပွဲမှာ ပန်းချီကားစုစုပေါင်း ၃၄ကား ခင်းကျင်းပြသထားပါတယ်။ ပန်းချီကားတစ်ချပ်ချင်းမှာ အတွေးအခေါ် ဆန်းသစ်မှုနဲ့ လက်ရာဟန်ပန် ပြောင်းလဲမှုတွေကို မြင်တွေ့ရတဲ့ ပန်းချီကားတွေ များနေတာ တွေ့ရပါတယ်။

မော်မော်၏ "ကျွန်ုပ်ခံစားမှုအရသာ(၃)" ပန်းချီကားကဤသို့...။

ဒီပန်းချီကားတွေ အနက်**"အပြာရောင်ပုံရိပ်"**လို့ အမည်ပေးထားတဲ့ စောလင်းအောင်ရဲ့ အခရိုင်းလစ်နဲ့ ရေးထားတဲ့ ပန်းချီကားဟာ ရေပြင်ပေါ်မှ လှေတစ်စင်းရဲ့ ဦးပိုင်းကို လက်စွမ်းပြ ရေးထားတဲ့ ပန်းချီကားပါပဲ။ ၅ပေX၄ပေဆိုက်ကြီး ပန်းချီကားဖြစ်ပြီး လှေနဲ့ရေတို့မှာ အပြန်အလှန် ထင်ဟပ်နေတဲ့ အရောင်၊ ရေပြင်ပေါ်မှာ လှိုင်းလေးတွေနဲ့အတူ ပေါ်ထွက်နေတဲ့ အရိပ်၊ လှေဦးပိုင်းပေါ် လိုအပ် သလောက်အလင်းပေးမှုတွေ စုပေါင်း လိုက်တဲ့အခါ လှေဟာ ရေပေါ်မှာ ကြွနေပါတော့တယ်။ ဘယ်လိုဆွဲထားပါလိမ့်ဆိုတဲ့ အတွေးနဲ့ လက်နဲ့ ကိုင်ကြည့်ရတဲ့အထိ ဖမ်းစားနိုင်တဲ့ ပန်းချီကားပါပဲ။

ကြည့်သူရင်ကို ချက်ချင်းလှုပ်ခတ်နိုင်စွမ်းရှိတဲ့ နောက်ထပ်ပန်းချီကားကတော့**"ကျွန်ုပ်ခံစားမှုအရသာ(၃)"**လို့ အမည်ပေးထားတဲ့ ပန်းချီဆရာမ မော်မော်ရဲ့ အခရိုင်းလစ်နဲ့ ရေးဆွဲထားတဲ့ ပန်းချီကားဖြစ်ပါတယ်။ ခရမ်းချဉ်သီးတွေကို အခရိုင်းလစ်ဆေးနဲ့ နီဝါရောင်၊ အဝါ၊ အနီစတဲ့ အခြေခံအရောင်တွေ ပေါင်းစပ်ရေးဆွဲထားတာဖြစ်ပါတယ်။ ခရမ်းချဉ်သီးပေါ်မှာ ရေစက်လေးတွေတင်နေပုံက ခရမ်းချဉ်သီးကို ပိုပြီး အာရုံစိုက်မှုဖြစ်ပေါ်စေပါတယ်။ သက်မဲ့ ခရမ်းချဉ်သီးတွေကို အသက်ဝင်အောင် ခြယ်မှုန်းထားနိုင်တဲ့ မော်မော်ရဲ့ လက်ရာက တကယ့်ကို မင်သက်မိစရာ ကောင်းပါတယ်။ ခရမ်းချဉ်သီးရဲ့ နီဝါရောင်ကို လိုသလောက်အသုံးပြုပြီး အလင်းရိုက်ခတ်မှု ခပ်ပါးပါးနဲ့ ပေါ်လွင်အောင် ရေးဆွဲထားတာဟာ ဒီပန်းချီကား ဖန်တီးသူရဲ့ အရည်အသွေး ဘယ်လောက်ရှိသလဲဆိုတာ ဖော်ပြနေပါတယ်။

နောက်ထပ် စိတ်ဝင်စားစရာကောင်းတဲ့ ပန်းချီကားကတော့ ပန်းချီဆရာ နန်စင်ရဲ့**"နံနက်ခင်း"**လို့ အမည်ပေးထားတဲ့ ပန်းချီကားပါပဲ။ ကျေးလက်ရဲ့ နွားတင်းကုပ်တစ်ခု မြင်ကွင်းဖြစ်ပါတယ်။ အစိမ်းနဲ့အဝါရောင် အားတွေယူပြီး လူ၊ နွားတင်းကုပ်၊ နွားနဲ့ ကြက်တွေရဲ့ လှုပ်ရှားမှုကို ဟန်ချက်ညီညီပေါင်းစပ်ပြီး အခရိုင်းလစ်ဆေးနဲ့ ရေးဆွဲထားတာဟာ နံနက်ခင်း ကျေးလက်မြင်ကွင်း အလှကို သဘာဝကျစွာ မြင်တွေ့ခံစားရပါတယ်။ မြန်မာ့ကျေးလက်သဘာဝကိုလည်း အပိုအလိုမရှိ တင်ပြခြယ်မှုန်းထားတာမို့ ကျေးလက်အလွမ်းပြေ ပန်းချီကားတစ်ချပ်ပါပဲ။

ဒါကြောင့်**"ရောင်စုံစမ်းချောင်း"** လို့ အမည်ပေးထားတဲ့ ဒီပန်းချီပြပွဲဟာ ပန်းချီ အနုပညာမျိုးဆက်သစ်တွေရဲ့ ကြိုးစားအားထုတ်မှု လက်ရာတွေကို မြင်တွေ့ ခံစားနိုင်တာမို့ လေ့လာသင့်တဲ့ပန်းချီပြပွဲတစ်ခုဖြစ်ပါကြောင်း ရေးသားလိုက်ပါတယ်။ ။

(မြန်မာ့အလင်း)

ပန်းချီကားတစ်ချပ်ချင်းမှာ အတွေးအခေါ် ဆန်းသစ်မှုနဲ့ လက်ရာဟန်ပန် ပြောင်းလဲမှုတွေကို မြင်တွေ့ရ။

ရွှေမဟာ
SMH ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ SMH
ဆက်လက်ပို့ဆောင်ပေးမည့် ခရီးစဉ်များ
၈-၂-၂၀၀၈ရက်မှ ၂၅-၂-၂၀၀၈ရက်အထိ
၂၉-၂-၂၀၀၈ရက်မှ ၁၇-၃-၂၀၀၈ရက်အထိ
၂၀-၃-၂၀၀၈ရက်မှ ၇-၄-၂၀၀၈ရက်အထိ
လျှောက်လွှာများ စတင်လက်ခံနေပါပြီ၊
စုံစမ်းရန် - အမှတ် ၄၆၊ မြေညီထပ်၊ ဇလွန်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁-၅၁၈၁၉၆၊ ၀၁-၇၀၃၀၉၄၊ ၀၉၅၁-၈၈၃၇၆

ခေါ်စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နေ
ဦးတင်ဝင်း–ဒေါ်မြင့်မြင့်ဇံတို့၏သားထွေး
မောင်ဇင်မင်းထွန်း **B.A (English)**
C.H Line, S.A. နှင့်
ရန်ကုန်တိုင်း၊ လှည်းကူးမြို့နေ
ဦးနီနီ–ဒေါ်မြင့်မြင့်စန်းတို့၏ တစ်ဦးတည်းသောသမီး
မဖြူသင်းနု B.A (English)
တို့သည် ၂၀–၁–၂၀၀၈ရက်တွင် မဟာသန္တိသုခ ဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီး၌ နှစ်ဖက်သော မိဘဆွေမျိုးများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
နှစ်ဖက်သောမိဘများနှင့် မောင်ဇင်မင်းထွန်း–မဖြူသင်းနု။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၂၃၊
ဒေါ်သိန်းတင်လမ်း၊ ဒေါ်နုဆေးတိုက်နေ
ဦးခင်မောင်ဝင်း–ဒေါ်ဘေဘီ (ဘေဘီဆေးဆိုင်၊ ဗိုလ်ချုပ်ဈေးသစ်)
တို့၏ တစ်ဦးတည်းသောသား
မောင်မျိုးမင်းဟန်
B.Eng (Hons) Mechanical
National University of Singapore
နှင့်
ရန်ကုန်မြို့၊ အမှတ် ၇၀(ဘီ)၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်နေ
ဒေါက်တာမောင်မောင်သွင်–ဒေါ်ခင်စောဝင်းမေ တို့၏သမီးငယ်
မဇာခြည်စုစုသွင်
B.Eng (Hons) Electrical
National University of Singapore
တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်အရ ၂၂–၇–၂၀၀၇ရက်တွင် စင်ကာပူနိုင်ငံ Register of Marriages တွင် ထိမ်းမြားမင်္ဂလာ လက်မှတ်ရေးထိုးပြီး ၄–၁–၂၀၀၈ရက်တွင် စင်ကာပူနိုင်ငံ Furama Riverfornt Hotel(Venus Grand Ballroom)၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော မိတ်ဆွေ အပေါင်းနှင့်သူငယ်ချင်းများအား အထူးကျေးဇူးတင်ရှိပါကြောင်း။
နှစ်ဖက်သောမိဘများနှင့်
မောင်မျိုးမင်းဟန်–မဇာခြည်စုစုသွင်။

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်၈၊ လှနေရပ်ကွက် အမှတ်–၈၊ မြေကွက်အမှတ် A–၂၃၊ ဧရိယာ ၀ဒသမ၁၁၅ဧက၊ (ပြည်ရိပ်မွန် အိမ်ရာစီမံကိန်း)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြေကွက်၏အမည်ပေါက်သူများ ဖြစ်ကြသော Law Chow-Fee (a) ဦးမျိုးမြင့်ဝင်း ၁၂/လသန(ပြု)၀၀၀၀၅နှင့် ဦးဝင်းခိုင် ၁၂/လမတ(နိုင်)၀၂၇၆၅၉တို့က ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူများထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်ညှိနှိုင်းသဘောတူညီမှုအပေါ် စရန်ငွေပေးချေပြီးဖြစ်ရာ အဆိုပါ ပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးပိုင်ခွင့်ရှိသူများရှိပါက ဤကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**
ဒေါ်အေးအေး တရားရုံးချုပ်ရှေ့နေ (စဉ်–၆၇၄၉)
အမှတ်–၉၊ ဦးကောင်းလမ်း၊ကရင်အမျိုးသားရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၅၁၁၁၈၇၅။

ဓါနိုဝင်းနှင့်ရောင်းရင်းများ ဘုရားဖူး

ရွှေစက်တော်သီးသန့် လမ်းဘုရားစုံ (အင်္ဂါ–သောကြာ)၊ ပုဂံ–ပုပ္ပား(၆)ရက် (မန္တလေးပြင်ဦးလွင်၊စစ်ကိုင်းမုံရွာ)(တောင်ကြီး၊အင်းလေး)(၉)ရက်၊အထက်ပါခရီးစဉ် စ+ဆုံး(၁၀)ရက်၊ ရွှေစက်တော်+အလောင်းတော်ကဿပ–(၃)ညအိပ်(၄)ရက် ရွှေစက်တော်၊ရခိုင်၊ မြောက်ဦး၊ စစ်တွေ (၇)ရက်၊ (9.2.08)နေ့စတင်ထွက်မည်၊ (အလောင်းတော်ကဿပသီးသန့်) မှော်ဘီ... ကျိုက်ထီးရိုး(နေ့စဉ်) ငွေဆောင်... အထက်ပါခရီးစဉ်ကြိုတင်လက်မှတ်ရောင်းပြီး၊ စုံစမ်းပါ။ ကားစီးလုံးငှားသည်၊
အမှတ်(၂၃၅)ပန်းဆိုးတန်းလမ်း 249871, 09-51 37245,09-99 72025

SMS အမြန်ပို့ဝန်ဆောင်မှုလုပ်ငန်း

ရန်ကုန်မှနေပြည်တော်နှင့်မန္တလေးသို့ ၂၄နာရီအတွင်းအိမ်/ရုံးအရောက် စီးပွားရေးဆိုင်ရာပစ္စည်း–စာရွက်စာတမ်းများအမြန်ပို့ပေးသည်။ရန်ကုန်တွင်စာများကိုအိမ်အရောက်လာယူပေးပါသည်။အခန်း–၁၀၂၊တိုက်–ဘီ၊ အမှတ်–၂၁၂၊ရွှေဂုံတိုင်လမ်း၊ဗဟန်း(ကမ္ဘောဇဘဏ်အနောက် ဘက်)ဖုန်း– ၀၉ ၅၁ ၄၂၇၇၃၊ ၅၅၂၈၄၉၊ ၅၅၄၃၀၇။ ၄၄၁၂၈၉၅ သို့ဆက်သွယ်ပါ။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ပမ/၁၆၀၆၉ Kenbo-110ယာဉ်လက်ဝယ်ရှိသူအမည်ဦးမြင့်ဌေး မှတ်ပုံတင်အမှတ်၇/လပတ(နိုင်) ၀၄၄၅၂၈ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။**ကညန၊ခရိုင်ရုံး(သာယာဝတီ)။**

ကျေးဇူးဆပ်ပါမည်

ကျွန်မဒေါ်လှလှဝင်း ပိုင် ယာဉ်အမှတ် န/၃၀၈၏ အခွန်ကျေပုံစံ(၁) အစိမ်းရောင်စာရွက် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း–၆၄၁၇၀၉။**

သင့်သွေးဖြင့် အသက်ကယ်ပါ။

Since 1986 KMD (သိမ်ကြီးဈေး) Computer Centre
သိမ်ကြီးဈေး(စီ)ရုံ၊ တတိယထပ်၊ ရွှေတိဂုံဘုရားလမ်း၊ ဖုန်း – ၃၈၄၂၆၈/ ၃၈၄၆၄၁
:: i-Office :: Graphics Design :: Desktop Publishing :: Email & Web Design
:: Basic Software Engineering :: Practical A+ :: LCCI Computerised Accounting
အခြေခံမှစ၍ နိုင်ငံတကာအဆင့်ထိ ကွန်ပျူတာပညာရပ်များ သင်ကြားတတ်မြောက်လိုလျှင် KMD နှင့်ဆက်သွယ်ပါ။

အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက် မြင့်မားရေးဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၀

၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ အောင်ချက်မြင့်မားရေး အတွက် အခြေခံပညာအထက်တန်း ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၈ရက် ညနေ ၄နာရီတွင် မန္တလေးမြို့ အောင်မြေသာစံ မြို့နယ် အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်း သေဒီခန်းမ၌ ကျင်းပသည်။

ဆွေးနွေး

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်က တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် သင်ရိုး ညွှန်းတမ်း၊ သင်ရိုးမာတိကာများကို လအလိုက်ပြီးစီးအောင် သင်ကြားပေးရေး၊ အကြိုတက္ကသိုလ်ဝင်စာမေးပွဲ၏ တစ်ဘာသာချင်း အောင်ချက်နှင့် ရာခိုင်နှုန်းကို ယမန်နှစ်အောင်ချက်နှင့် နှိုင်းယှဉ်ပြီး တိုးတက်မြင့်မားလာ အောင်သင်ကြားပေးရေး၊ မျှော်မှန်း အောင်ချက်ကို မြင့်မားစွာထားရှိပြီး ကြိုးစားသင်ကြားသင်ယူစေရေး၊ အားနည်းသည့်ဘာသာရပ်များကို အချိန်ပိုဖြင့် ကုစားသင်ကြားပေးရေး၊ မြို့နယ် ပညာရေးမှူးများသည် ကျောင်းအုပ်ကြီး များနှင့်အတူ အနီးကပ်ကြီးကြပ်ဆောင် ရွက်ရေး၊ ကျောင်းအုပ်ကြီးတို့က ဘာသာရပ်မှူးများနှင့်တစ်ပတ်တစ်ကြိမ် တွေ့ဆုံ၍ သင်ရိုးနှင့် လေ့ကျင့်ခန်း စာအုပ်များ ပြီးစီးမှုအခြေအနေ စိစစ် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြား သည်။ **(ဝဲပုံ)**

မျှော်မှန်းချက်

ထို့နောက် တိုင်းပညာရေးမှူး ဦးအောင်ဆွေက အခြေခံပညာအထက် တန်းကျောင်းများတွင် တက္ကသိုလ်ဝင် စာမေးပွဲအောင်ချက်မြင့်မားရေးအတွက် ကြိုတင် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး အခြေခံပညာ အထက်တန်းကျောင်းအုပ်ကြီးများက တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက် မြင့်မားရေးအတွက် ဆောင်ရွက်ထား ရှိမှုများနှင့် ယမန်နှစ်အောင်ချက်အခြေ အနေနှင့် ယခုနှစ်အောင်ချက် ရာခိုင်နှုန်း မျှော်မှန်းချက်များကို ရှင်းလင်းတင်ပြခဲ့ ကြောင်းသတင်းရရှိသည်။**(သတင်းစဉ်)**

ရန်ကုန်–ကျိုက္ခမီ ခရီးသည်တင်မှန်လုံအမြန်ယာဉ် ကျိုက်ထိုမြို့အဝင်၌ တိမ်းမှောက်မှုဖြစ်ပွား

နေပြည်တော် ဇန်နဝါရီ ၂၀

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ကျိုက္ခမီမြို့သို့ ထွက်ခွာလာသော ယာဉ်အမှတ် ၉(ခ)/၁၃၇၆ ရောင်နီထွန်း မှန်လုံအမြန်ယာဉ်သည် နံနက်၁၁နာရီခန့်တွင် ကျိုက်ထိုမြို့အဝင် လက်ပြရွာအနီးသို့ရောက်ရှိစဉ် အနက် ၁၀ပေခန့်ရှိ လမ်းဘေးမြောင်းထဲသို့ တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် ခရီးသည်အမျိုးသား ၁၁ဦး၊ အမျိုးသမီး ၁၅ဦး သေဆုံးကာ သံဃာတော်တစ်ပါး ပျံလွန်တော်မူခဲ့ပြီး ၁၀ဦး ဒဏ်ရာရရှိခဲ့ကြသည်။

ပံ့ပိုးမှုများဆောင်ရွက်ပေး

ကားတိမ်းမှောက်မှုဖြစ်ပွားရာသို့ ပြည်နယ်အတွင်းရေးမှူးနှင့် တာဝန်ရှိ သူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များက သွားရောက်၍ ကယ်ဆယ်ရေးလုပ်ငန်းများကို ဝိုင်းဝန်း ဆောင်ရွက်ကြပြီး ဒဏ်ရာရရှိကြသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက ဆေးဝါးကုသမှုများနှင့် လိုအပ်သောပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ဖောင်ပိတ်သတင်း

မိုဇမ်ဘစ်၌ရေကြီးမှုဖြစ်ပွား လူ ၅၀၀၀၀ကျော်ရွှေ့ပြောင်းခဲ့ရ

မာပူတို ဇန်နဝါရီ ၂၀

မိုဇမ်ဘစ်နိုင်ငံတွင် ဇန်နဝါရီ ၁၈ရက်မှစတင်ကာ မိုးအဆက်မပြတ် ရွာသွန်းခဲ့မှုကြောင့် ရေလွှမ်းမှုဖြစ်ပေါ်ခဲ့ရာ လူထောင်ပေါင်းများစွာမှာ ၎င်းတို့၏ အိမ်များတွင်ပိတ်မိနေကြောင်း၊ အထူးသဖြင့် ရေလွှမ်းမှုဆိုးရွားစွာ ဖြစ်ပေါ် လေ့ရှိသည့် ယခုရာသီတွင် အာဖရိကတိုက်တောင်ပိုင်းနိုင်ငံများအနေဖြင့် ရေလွှမ်းမှုဘေးဒဏ်ကို များစွာစိုးရိမ်နေကြရကြောင်း ဇန်နဝါရီ ၂၀ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

ရွှေ့ပြောင်းပေး

လူပေါင်း၂၀၀၀နီးပါးသည် ဘေးလွတ်ရာသို့ ပြောင်းရွှေ့နိုင်ရန် ရဟတ်ယာဉ်၊ လှေစသည်တို့ကို စောင့်ဆိုင်းနေကြရကြောင်း၊ ယနေ့အထိ သေဆုံး သူမှာ ၁၂ဦး ရှိသွားပြီဖြစ်ပြီး ၇၂၀၀၀မှာ ယင်းဘေးဒဏ်ကို ခံစားခဲ့ရကာ ၅၀၀၀၀ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ယင်းသတင်း၌ ဆက်လက်ဖော်ပြသည်။ **(ယာပုံ)**

မြန်မာ့အလင်း ဖောင်ပိတ်အားကစားသတင်း

အဲဗာတန်တို့နိုင်ပွဲရသည့် ပရီမီယာလိဂ်(၂၃)

လန်ဒန် ဇန်နဝါရီ ၂၀

ပရီမီယာလိဂ်ပွဲစဉ်(၂၃) လက်ကျန်ပွဲများကို ဇန်နဝါရီ ၂၀ရက်က ဆက်လက်ကစားရာ ဝီဂန်နှင့် အဲဗာတန်တို့ပွဲတွင် အဲဗာတန်က နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အနိုင်ရရှိ

ဝီဂန်တို့က အိမ်ကွင်း၌ ဂိုးသွင်းခွင့်အခွင့်အရေးများ ရရှိခဲ့သော်လည်း အဆုံးသတ် မပိုင်မှုကြောင့် ဂိုးမရရှိဘဲ ဖြစ်သည်။ အဲဗာတန်အတွက် အဖွင့်ဂိုးကို ၃၉မိနစ်တွင် ဂျွန်ဆင်ကသွင်းယူပေးပြီး ဒုတိယဂိုးကို နောက်ခံလူ လက်စ်ကော့ဒ်က သွင်းယူပေးခဲ့သည်။ ဝီဂန်အတွက် ချေပဂိုးတစ်ဂိုးကို အဲဗာတန် ကွင်းလယ်လူ ဂါဂီလ်ကာက ဘောလုံးဖျက်ထုတ်ရင်း ဂိုးဝင်သွားသဖြင့် လက်ဆောင်ချေပဂိုး ရရှိခဲ့ခြင်းဖြစ်ပြီး အဲဗာတန်က နှစ်ဂိုး–တစ်ဂိုး ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ထို့အတူ မန်စီးတီးနှင့်–ဝက်စ်ဟမ်းတို့ပွဲ တွင် တစ်ဂိုးစီ သရေဖြစ်သွား သည်။ မန်စီးတီးက တန်းစီဇယား၌ ပဉ္စမနေရာ၌ ရှိနေပြီး အဲဗာတန်က စတုတ္ထနေရာသို့ တက်လာသည်။

စီးရီးအေပွဲစဉ် (၁၉) ရလဒ်

ဂျူဗင်းတပ်စ်	၀	–	၀	ဆမ်ဒိုးရီးယား
လီဗော်နို	၁	–	၀	အမ်ပိုလီ
ပါလာမို	၂	–	၃	ဆီနာ
ရက်ဂျီးနား	၂	–	၀	ကာဂလီရာရီ
ရိုးမား	၂	–	၀	ကာတာနီယာ
နာပိုလီ	၂	–	၂	လာဇီယို
အူဒီးနိစ်	၀	–	၁	အေစီမီလန်။

(အင်တာနက်)

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

မန္တလေးမြို့၊ ၂၉ လမ်း၊ ၈၃/၈၄ လမ်းကြား၊ အမှတ် ၁၉၁ နေ
ဦးနီ-(ဒေါ်သန်းကြည်)တို့၏ စတုတ္ထသား

မောင်အောင်လွင် B.Arch

General Manager (Asia World Co.,Ltd.)

နှင့်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၆ ရပ်ကွက်၊ ၃၈ လမ်း၊ အမှတ် ၂၁၄ နေ
ဦးကျင်ဟုတ်-(ဒေါ်ရင်ရင်)တို့၏သမီးကြီး
ဦးသန်းဦး(ရန်ကုန်တိုင်း ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ)-
ဒေါ်ကြည်တို့၏တူမ

မမိုးသူ B.E (Civil)

M.Sc (Civil) NTU

တို့၏ ၂၀-၁-၂၀၀၈ရက်တွင် Traders Hotel ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် ကြွရောက်ချီးမြှင့်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် လက်ဖွဲ့ပစ္စည်းများပေးပို့ကြသော ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်လွင်-မမိုးသူ။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ အောင်ဓမ္မရိပ်သာလမ်း၊ အမှတ် ၂၆၆/၄ (၁)နေ
ဦးဝင်းခင်- ဒေါ်မြင့်မြင့်ကြည်(ရွှေကောင်းရတနာရွှေဆိုင်၊ ဗိုလ်ချုပ်ဈေး)တို့၏သား

ဗိုလ်ကြီးမျိုးဇော်ဝင်း (ငြိမ်း)

လက်ထောက်ညွှန်ကြားရေးမှူး
အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
B.Sc (D.S.A), M.Sc (Engg; Maths) YU
Dip. in Advance Computing

နှင့်

ရန်ကုန်မြို့၊ ရွှေဘုံသာလမ်းနေ ဒေါ်သိန်းမြင့်(စိန်ရွှေရတနာ)၏မြေး
မန္တလေးမြို့၊ ၈၄လမ်း၊ လက်ဆည်ကန်ရပ်နေ
ဦးကံမောင်- ဒေါ်ပါ(နဂါးနီ- နီကယ်အရောင်တင်လုပ်ငန်းနှင့်
ဓာတုပစ္စည်းရောင်းဝယ်ရေး)နှင့်
ရန်ကုန်မြို့၊ ရွှေဘုံသာလမ်း၊ အမှတ် ၃၅နေ ဦးသောင်းထိုက်- ဒေါ်အေးစန္ဒာတို့၏သမီး

မအိမ့်မွန်ချို

B.C, Tech (Hons:), UCSM, IADCS (NCC,UK)

တို့သည် ၂၀-၁-၂၀၀၈ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးမျိုးဇော်ဝင်း(ငြိမ်း)-မအိမ့်မွန်ချို။

ရောင်းမည်

၁။ အင်းလျားလမ်း (65'x110'),
၂။ ရွှေတောင်ကြား (100'x100')
၃။ ပြည်လမ်း (190'x110'), ၁ထပ်တိုက် (၄ဘး)

Ph :727558, 09-5010247

လိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၈ ဖြင့် **ဒေါ်ချစ်ချစ် (မြင့်မြင့်ခင်ထိုးမုန့်၊ လမုန့်)**အား **သုဓမ္မသီဂီ** ဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အသက်ရာကျော်ရှည်၍ နိုင်ငံ့အကျိုး၊ သာသနာတော်အကျိုး ဆတက်ထမ်းပိုး အားသွန်ခွန်စိုက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

သားကြီး-ဦးကိုကို၊ ဒေါ်မြင့်မြင့်သိန်း
မြေး-ဗိုလ်အောင်ဇေတေ၊ မဇူဇူကိုကို။

မွေးနေ့ဆုမွန်လွှာ

၂၀၀၈ခုနှစ် ဇန်နဝါရီလ ၂၁ရက်တွင်ကျရောက်သော သားသား **မောင်ဖြိုးသူရကျော်** ၏ (၁)နှစ်မြောက် မွေးနေ့မင်္ဂလာရက်မြတ်မှာသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သော ဖေဖေ၊ မေမေတို့နှင့်အတူ အသက်ရှည်အနာကင်း၍ ပညာတော်ပြီး တတ်သိလိမ္မာသော သားကောင်းရတနာဖြစ်ပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်-

ဖေဖေ-ဦးကျော်ကျော်ဦး
မေမေ-ဒေါ်ဝင်းဝင်းနွယ်
ဘိုးဘိုး၊ ဘွားဘွား၊ ဦးဦး၊ ဒေါ်ဒေါ်များ။

လိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

မြင်းခြံမြို့ ရွှေပြည်စိုး သာသနာ့ဗိမာန်တော် ဒါယိကာမကြီး ဒေါ်ရင်ရင်အား နိုင်ငံတော်က သာသနာတော်ဆိုင်ရာ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၀၈ ဖြင့် သုဓမ္မသီဂီ ဘွဲ့တံဆိပ်တော် ချီးမြှင့်ဂုဏ်ပြုအပ်နှင်းခဲ့ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် ဆက်လက်၍ သာသနာ့အကျိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

ဟိတာဝဟီ ဂေါပကအဖွဲ့
ရွှေပြည်စိုး သာသနာ့ဗိမာန်တော်
မြင်းခြံမြို့။

ရန်ကုန်ပညာရေးတက္ကသိုလ် (၁၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

အမိပညာရေးတက္ကသိုလ်နှင့် မြတ်ဆရာတို့၏ကျေးဇူးကို အထူးသိစွာ ဆပ်လိုကြသည့် တပည့်အပေါင်းက စုပေါင်း၍ (၁၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ၂၆-၁-၂၀၀၈ရက်(စနေနေ့) နံနက် ၉နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ကျင်းပမည်ဖြစ်ပါ၍ ကျေးဇူးရှင်မြတ်ဆရာတို့နှင့် ကျောင်းနေဖက် ငယ်ပေါင်းမိတ်ဆွေများ ကြည်နူးပီတိဖြစ်ဖွယ်ရာ တစ်နှစ်တစ်ခါ ပြန်လည်တွေ့ဆုံ ကုသိုလ်ယူပွဲသို့ ကြွရောက်ပါရန် ကြိုတင်ဖိတ်ကြားနှိုးဆော်အပ်ပါသည်။

မြတ်ဆရာပူဇော်ပွဲအတွက် ကုသိုလ်ပြုလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ (၁) **ဒေါက်တာလွင်လွင်စိုး** ဒုတိယပါမောက္ခချုပ် ရန်ကုန်ပညာရေးတက္ကသိုလ် ဖုန်း-၅၀၃၉၀၄၊ (၂) **ဦးဝင်းကို** ညွှန်ကြားရေးမှူး(ပညာ) အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ဖုန်း-၅၀၃၁၄၇၊ (၃) **ဦးအုန်းမြင့်** ကျောင်းအုပ်ကြီး(ငြိမ်း) ဖုန်း-၉၀-၈၀-၂၄၁၉၄၊ (၄) **ဒေါ်တင်တင်ရှု** ဒုတိယညွှန်ကြားရေးမှူး(သင်ရိုး)(DEPT) ဖုန်း-၅၅၇၃၀၉၊ (၅) **ဦးအောင်သွင်** လ/ထညွှန်ကြားရေးမှူး ဦးစီး(၁) ဖုန်း-၅၄၈၉၇၉၊ (၆) **ဦးကျော်ကျော်** ဒုတိယညွှန်ကြားရေးမှူး ဦးစီး(၂) ဖုန်း-၀၂-၆၆၄၀၁၊ (၇) **ဦးသက်နိုင်** လ/ထညွှန်ကြားရေးမှူး ဦးစီး(၃) ဖုန်း-၂၁၂၉၇၄၊ (၈) **ဦးကျော်ဝင်းမြင့်** လ/ထ ညွှန်ကြားရေးမှူး(ပညာ)ဦးစီး(၃) ဖုန်း-၂၁၂၉၆၉ လိုင်းခွဲ(၂၀၃)၊ (၉) **ဦးအေးကြိုင်** ရခိုင်ပြည်နယ်ပညာရေးမှူး ဖုန်း-၀၄၃-၂၃၃၈၄၊ (၁၀) **ဒေါ်ကြူကြူရွှေ** ဦးစီးအရာရှိ ဦးစီး(၃) ဖုန်း-၅၅၄၉၆၄၊ (၁၁) **ဒေါ်ခင်စန်းမြင့်** ကျောင်းအုပ်ကြီး အထက(၂)တာမွေ ဖုန်း-၅၄၂၃၁၇၊ (၁၂) **ဦးရှိန်းလိန်းအောင်** မြို့နယ်ပညာရေးမှူး သဃ်န်းကျွန်း ဖုန်း-၅၆၄၂၃၁၊ (၁၃) **ဒေါ်ခင်သန်းထွေး** အထပြ (ငြိမ်း) ဖုန်း-၂၉၃၃၆၃။

မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ။

ဒေါက်တာအောင်ဇော်မိုး
M.B.,B.S (Ygn)
ဦးစီးသည့်
AAEC အောင်အကယ်ဒမီ
• ထူးချွန်ထက်မြက်သော ဘာသာစုံဂုဏ်ထူးရှင်များ မွေးထုတ်ပေးရာနေရာ
• စည်းကမ်းရှိပြီး ကြိုးစားသော ကျောင်းသား/သူများအတွက် ရွေးချယ်ရာနေရာ
• မိဘများ၏ ယုံကြည်မှုကို အပြည့်အဝရရှိထားသော အောင်ချက်အကောင်းဆုံးနေရာ
အမှတ် (၈၁)၊ မြန်မာ့ဂုဏ်ရည်လမ်း။ (မီးပွိုင့်အနီး)။ ကန်တော်ကလေး။ မင်္ဂလာတောင်ညွန့်မြို့နယ်။ ရန်ကုန်မြို့။
ဖုန်း - ၀၁-၂၄၀၉၄၆၊ ၀၁-၃၈၃၄၅၂၊ ၀၉ ၅၀၂၀၄၄၅၊ ၀၉ ၅၀ ၂၀၂၇၂၊
၀၉ ၅၁ ၀၉၃၀၁၊ ၀၉ ၅၁ ၁၇၉၆၆

မော်ဘီနှင့် လှည်းကူးမြို့နယ်တို့တွင် တရားမဝင်သစ်များဖမ်းဆီးမိ

ရန်ကုန် ဇန်နဝါရီ ၂၀

မှော်ဘီမြို့နယ် အမှတ်(၄)လမ်းဆုံရှိ သစ်တောစစ်ဆေးရေးဂိတ်တွင် ဇန်နဝါရီ၁၈ရက် ည ၁၀နာရီအချိန်ခန့်က တာဝန်ကျတောအုပ်ကြီး ဦးရဲနိုင်နှင့်အဖွဲ့သည် ကျော်ကြီး အသက်(၃၀) (ဘ) ဦးတင်ဝင်း ၃လမ်း ပြည်တော်အေးရပ်ကွက် အောင်လံမြို့ မောင်းနှင်ပြီး ယာဉ်နောက်လိုက် သော်ဇင်ဦး အသက်(၂၀) (ဘ) ဦးမောင်ဖုန်း ဆန်တန်းရပ် ၂လမ်း အောင်လံမြို့တို့ လိုက်ပါလာသည့် တီအီးအမျိုးအစား အပြာရောင် ယာဉ်အမှတ် ဆ/၉၀၂၈အား ရပ်တန့်စစ်ဆေးစဉ် ယာဉ်ပေါ်၌ ပဲစင်းငုံအိတ်များ၊ စက္ကူကတ်ထူ အဟောင်းတို့ဖြင့်ဖုံးလျက်တင်လာသော တရားမဝင် ကျွန်းခွဲသား နှစ်တန်ကျော်ခန့် တွေ့ရှိခဲ့သဖြင့် သိမ်းဆည်းခဲ့ပြီး မြို့နယ်ရဲစခန်းမှ ဥပဒေအရ အရေးယူရန်ဆောင်ရွက်လျက်ရှိကြောင်း။

အလားတူ လှည်းကူးမြို့နယ် ဖောင်ကြီးတိုက်နယ်တာဝန်ခံရုံးမှ တောအုပ် မြင့်ရာဇာနှင့်အဖွဲ့သည် သတင်းအရ ဇန်နဝါရီ ၁၇ရက် မွန်းလွဲ၁နာရီအချိန်ခန့်က ငမိုးရိပ်ဆည်အတွင်း ရှာဖွေစစ်ဆေးရာ ငမိုးရိပ်ဆည်ရေစက်နှင့် ဝါးတောအတွင်းမှ ပျဉ်းကတိုးတိုင် ငါးလုံး (၀ဒသမ၇၀၃၂တန်)၊ ပျဉ်းကတိုးသစ်လုံး ၁၀လုံး(၁ ဒသမ ၈၉၅၄ တန်)၊ အခြားသားသစ်လုံး ခုနစ်လုံး (၁ဒသမ၄၉၅၂တန်)၊ အခြားသားတိုင် တစ်လုံး (၀ဒသမ၁၃၉၂ တန်)၊အခြားသားခွဲသားနှစ်ချောင်း (၀ဒသမ ၁၅၉၆တန်) စုစုပေါင်း ၄ဒသမ ၄၀၂၆တန်နှင့် ဇန်နဝါရီ ၁၈ရက် မွန်းတည့် ၁၂နာရီအချိန်ခန့်က တောအုပ် စိုးလင်းနှင့် မြင့်ရာဇာတို့အဖွဲ့သည် ဖောင်ကြီးကျေးရွာအုပ်စု ပန်းတောကုန်း အနောက်ဘက် တောစပ်အနီးမှ အခြားသစ်လုံး ကိုးလုံး(နှစ်တန်ခန့်)အား ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။ **(သတင်းစဉ်)**

ပန်းဘဲတန်းမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် အနော်ရထာလမ်း (၂) ရပ်ကွက်ရှိ ဗေဒင်ဟောဆိုင် ဆိုင်အမှတ်(၃၁၈)၌ ဇန်နဝါရီ ၁၉ရက် နံနက် ၂နာရီကျော်ခန့်တွင် လျှပ်စစ်မီးဖွင့်ထားရာမှ အပူလွန်ကဲပြီး မီးကူးစက်လောင်ကျွမ်းခြင်းကြောင့် အဆိုပါဆိုင်ခန်း မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အမည်ပြောင်း အဖ ဦးသန်းစိုး၊ အမိ ဒေါ်လှလှဝင်းတို့၏သား အထက (၂)ကမာရွတ် Grade (1-C) မှ မောင်ဥက္ကာမင်းအား မောင်လင်းထက်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်လင်းထက်နိုင်။**

ယနေ့ မီးဘေးကြိုတင်ကာကွယ်ရေးသည် မနက်ဖြန် မီးဘေးလုံခြုံရေးဖြစ်သည်

လမ်းမတော်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ သက်ကြီးပူဇော်ပွဲနှင့် ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ရက်က အထက(၁) စွမ်းအားခန်းမ၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်တင်မူက ဘိုးဘွားများအား ကန်တော့ခံပစ္စည်းများ လှူဒါန်းစဉ်။ (၁၀၄)

တောင်ကြီး အထက(၂) ပညာရည်ချွန်ဆုချီးမြှင့်

တောင်ကြီး ဇန်နဝါရီ ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အထက(၂)၏ ၂၀၀၆–၂၀၀၇ ခုနှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ၂၀၀၇–၂၀၀၈ ခုနှစ် ပညာရေး စုံညီပွဲတော်ကို ဇန်နဝါရီ၁၇ရက် နံနက်၉နာရီက အဆိုပါကျောင်း သံလွင်စုဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သတ္တမတန်းကျောင်းသား ကျောင်းသူလေးများက ပညာရေးစုံညီပွဲတော်တို့နှဲ့ပျော်သီချင်းဖြင့် စတင်ဖွင့်လှစ်ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းရွှေနှင့် ကျောင်းအကျိုးဆောင်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ဆုရကျောင်းသား ကျောင်းသူများနှင့် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးရရှိခဲ့သူများ၊ ကျောင်းပျက်ရက်မရှိ ကျောင်းတက်မှန်ဆုနှင့် ဖွဲလုံ့လကြိုးစားဆုရ ဆရာ၊ ဆရာမများအား ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းအကျိုးတော်ဆောင်များက ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။ **(က–ပ)**

ပြည်မြို့အလက(၃) လူငယ့်အားမာန်ခန်းမ၌ ၂၀၀၇–၂၀၀၈ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆု ချီးမြှင့်ပွဲကို ဇန်နဝါရီ၃ရက်က ကျင်းပရာ ဆဋ္ဌမတန်းမှ ပထမဆုရ မစိုပြေထွန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကျင်သော်က ဆုချီးမြှင့်စဉ်။ (က–ပ)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ် ပြာသိုလပြည့်နေ့
၂၂–၁–၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဗောဇ္ဈင်္ဂသုတ်)

နေ့လယ်ပိုင်း

- ၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (တောင်သူမြို့ ကင်းဆိပ်ကျေးရွာမှ ကြက်မွေးမြူရေးလုပ်ငန်း)
- ၁၁း၃၀ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (ပြဇာတ်စာပေထဲက မြန်မာ့စိတ်ဓာတ်) (ညွှန့်ဟံ–ကြူတော)
- ၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး (လူနှင့်ပတ်ဝန်းကျင် မောင်မြတ်စိုး–သတ္တဗေဒ)
- ၁၂း၂၀ ဇာတ်လမ်းပမာနားဆင်စရာ (အဲဒါအချစ်)
- ၁၂း၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (မြန်မာ့စောင်း–တက္ကသိုလ်သခ်)
- ၁၃း၁၀ ပညာရေးအစီအစဉ် (ဆဋ္ဌမတန်း–သင်္ချာအတွဲ–၁ မသိကိန်းနှစ်လုံးပါ တစ်ပြိုင်နက်ညီမျှခြင်း)

ညနေပိုင်း

- ၁၆း၁၀ ဆိုကြမြိုင်မြိုင်တေးသံပြိုင်
  - (၁) မြဆည်းဆာ(မြန်မာ့အသံအဖွဲ့)
  - (၂) နုပျိုလာသောတံတားအို (စန္ဒရားဘိုကြီးအဖွဲ့)
  - (၃) လုပ်အားဖြင့် ဂုဏ်ဝင့်စေရမည် (မြတ်သစ်မွန်အဖွဲ့)
- ၁၇း၀၀ တပ်မတော်စာတိုက်
- ၁၇း၃၀ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (ကျန်းမာစွာအိပ်စက်ခြင်း) (ဒေါက်တာစိန်ဝင်း–အဓိကဆေးဝါး)
- ၁၈း၂၅ ကျေးလက်ဇာတ်လမ်း (အရေးအကြီးဆုံးက)
- ၁၉း၁၅ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် ဖြိုးမွှေးပင်)
- ၁၉း၃၀ တူယှဉ်သီကြွေးစုံတွဲတေး
  - (၁) ကိုယ်တို့ဝေးနေ မိုင်ပေါင်းကုဋေ (ဂရေဟမ်၊ ရတနာဦး)
  - (၂) အချစ်ပြီးတော့အချစ် (ချစ်ကောင်း၊ ဟေမာနေဝင်း)
  - (၃) ရင်ခုန်ရင်အချစ် (ထူးအိမ်သင်၊ အိအိ)
- ၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
  - (၁) ချစ်တယ်ဆိုတဲ့ မောင့်စကားတစ်ခွန်း (ရီရီသန့်)
  - (၂) ကြင်နာသူနဲ့ဝေးသောအခါ (မောင်ဝင်းမြင့်)
  - (၃) မကြင်နာ မောင်မုန်းတော့ (ခင်ထွေးမော်)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်၁၈၅၀၀၀၀ဖြင့် ဆောင်ရွက်ခဲ့သော အမှတ်(၁)နယ်မြေ ရွှေပေါင်လောင် ဂျင်းကျောက်ခင်းလမ်းသစ်ကို ဇန်နဝါရီ၂ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်းနှင့် မြို့နယ်အမှုဆောင်အရာရှိ ဦးသန်းဇော်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

အောင်စကြာဆရာတော် ဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာနနာယက (မဟာဓမ္မကထိက ဗဟုဇနဟိတဓရ) ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာဆရာတော်သည် ဇန်နဝါရီ ၂၅ ရက်ညတွင် သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် တပင်ရွှေထီးလမ်း တရားမဏ္ဍပ်၊ ၂၇ရက်ညတွင် မင်းဘူးမြို့ နာရေးကူညီမှုအသင်း တရားမဏ္ဍပ်၊ ၂၈ ရက် နှင့် ၂၉ ရက် ညများတွင် မင်္ဂလာဒုံ ဓမ္မရိပ်သာ၊ ၃၀ရက်ညတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ဖို့မြေဓမ္မာရုံ၊ ၃၁ ရက် ညတွင် ကျောက်တန်းမြို့ မြို့မဈေး ရှင်ဥပဂုတ္တပူဇော်ပွဲမဏ္ဍပ်၊ ဖေဖော်ဝါရီ ၂ရက်နှင့် ၃ရက်ညများတွင် ဒေါပုံမြို့နယ် ဇေယျာသီရိရပ်ကွက် ၅ လမ်း တရားမဏ္ဍပ်၊ ၄ရက်၊ ၅ရက်နှင့် ၆ ရက်ညများတွင် ဝေါမြို့နယ် အဗျားရွာ၊ ၇ရက်ညတွင် လှိုင်သာယာမြို့နယ် ၂/၆ရပ်ကွက် ပီမိုးနင်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် တရားမဏ္ဍပ်၊ ၈ရက်နှင့် ၉ရက်ညများတွင် ထန်းတပင်မြို့နယ် ကုန်းတနဲ့ရိကျေးရွာ၊ ၁၀ရက်ညတွင် ရွှေပြည်သာမြို့နယ် မလွန်ဆန်လူအသင်း(၁) သောကြာပတ်မွေ့ရုံ ရှေ့၊ ၁၂ရက်နှင့် ၁၃ရက်ညများတွင် ပဲခူးမြို့ ဥဿာမြို့သစ် ၂ရပ်ကွက် ဓမ္မစေတီနန်းဦး ကျောင်းလမ်းတရားမဏ္ဍပ်၊ ၁၄ရက်၊ ၁၅ရက်နှင့် ၁၆ရက် ညများတွင် မော်လမြိုင်ကျွန်းမြို့နယ် ရေကျော်ကြီးကျေးရွာ၊ ၁၇ရက်၊ ၁၈ရက်နှင့် ၁၉ရက် ညများတွင် အိမ်မဲမြို့နယ် ကြို့ကုန်းကျေးရွာ၊ ၂၁ ရက်ညတွင် လသာမြို့နယ် ၁၇လမ်း အောက်လမ်း တရားမဏ္ဍပ်နှင့် ၂၂ရက်ညတွင် မင်္ဂလာတောင်ညွန့်မြို့နယ် စံပြဖဆပလရပ်ကွက် တရားမဏ္ဍပ်တို့တွင် တရားတော်များ ဟောကြားတော်မူမည်ဖြစ်ရာ ဖုန်း–၀၁–၂၂၄၆၈၁၊ ၀၉–၅၁–၁၈၅၃၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက်က ညောင်လေးပင်မြို့၌ ကျင်းပရာ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုးက ကလေးငယ်တစ်ဦးအား ဆုချီးမြှင့်စဉ်။ (၁၃၄)

ကုန်အမှတ်တံဆိပ်ကို တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အသိပေးကြော်ငြာခြင်း

ရန်ကုန်မြို့ တာမွေမြို့နယ် မအူကုန်းရပ်ကွက် ဗညားဒလလမ်း အမှတ်၁၆၇နေ ဦးထွန်းကျော် ၁၂/လမတ(နိုင်)၀၂၃၇၉၀ သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်နှင့် အမည်အမှတ်အသားကို မိမိတစ်ဦးတည်း မူပိုင်အဖြစ် ပြုလုပ်သုံးစွဲရန် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်း ကြေညာပြီးဖြစ်ပါသည်။

STEP

အထက်ပါ ကုန်အမှတ်တံဆိပ်ဖြင့် လူကြီးဝတ်၊ ကလေးဝတ်၊ အင်္ကျီအမျိုးမျိုး၊ စပို့ရှပ်၊ တီရှပ်၊ အားကစားဝတ်စုံ၊ ဦးထုပ်၊ ထီး၊ ဖိနပ်၊ ဘောင်းဘီတို၊ ဘောင်းဘီရှည်၊ အတွင်းခံ ဘောင်းဘီ၊ ခရီးဆောင်အိတ်အမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုးတို့ကို ပြည်တွင်း၌ပင် ချုပ်လုပ်၍ ရန်ကုန်မြို့နှင့်တကွ မြန်မာပြည်အရပ်ရပ်သို့ လက်လီ၊လက်ကား ဖြန့်ဖြူးရောင်းချလျက် ရှိပါသည်။

ဝယ်ယူသုံးစွဲကြသူအားလုံးကိုလည်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။ ယခုအခါ အတုအပပြုလုပ်သူများသည် STEP ဟူသော စာလုံး၏ ရှေ့နှင့်နောက်တွင် စာသားများထည့်သွင်း၍လည်းကောင်း၊ S ဟူသော စာလုံးနောက်တွင် အပိုစာလုံးထည့်သွင်း ဒီဇိုင်းဖော်လျက်လည်းကောင်း ဆင်တူယိုးမှား ပေါ်ထွက်လာကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါသည်။ STEP ကုန်အမှတ်တံဆိပ်၏ ကြော်ငြာနိုင်မှုအပေါ် အခွင့်ကောင်းယူလျက် STEP မှပင် ထုတ်လုပ်သယောင်ယောင်၊ ဆင်တူယိုးမှား ထင်ယောင်ထင်မှား ပြုလုပ်လာကြောင်း သိရှိရပါသည်။

အထက်ပါ ကုန်အမှတ်တံဆိပ်၏ တစ်ဦးတည်းပိုင်ရှင်ဖြစ်သည့် ဦးထွန်းကျော်၏ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို ထိခိုက်နစ်နာစေရန်အတွက် ကုန်အမှတ်တံဆိပ်၊အမည်၊အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုလည်းကောင်း၊ တစ်ခုလုံးကိုသော်လည်းကောင်း၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပ၍ မပြုလုပ်ကြရန် သတိပေးတားမြစ်ပါသည်။

အထက်ပါ သတိပေးတားမြစ်ချက်ကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း လေးနက်စွာ သတိပေးတားမြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးအောင်နိုင်
တရားရုံးချုပ်ရှေ့နေ
တိုက် ၄၃/၄၄၊ ဗဟိုစည်အိမ်ရာဝင်း၊လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ကုန်အမှတ်တံဆိပ်ကို တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အသိပေးကြော်ငြာခြင်း

ရန်ကုန်မြို့ တာမွေမြို့နယ် မအူကုန်းရပ်ကွက် ဗညားဒလလမ်း အမှတ်၁၆၇နေ ဦးထွန်းကျော် ၁၂/လမတ(နိုင်)၀၂၃၇၉၀ သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်နှင့် အမည်အမှတ်အသားကို မိမိတစ်ဦးတည်း မူပိုင်အဖြစ် ပြုလုပ်သုံးစွဲရန် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းကြေညာပြီး ဖြစ်ပါသည်။

အထက်ပါကုန်အမှတ်တံဆိပ်ဖြင့် လူကြီးဝတ်၊ ကလေးဝတ်၊ အင်္ကျီအမျိုးမျိုး၊ စပို့ရှပ်၊ တီရှပ်၊ အားကစားဝတ်စုံ၊ ဦးထုပ်၊ ထီး၊ ဖိနပ်၊ ဘောင်းဘီတို၊ ဘောင်းဘီရှည်၊ အတွင်းခံဘောင်းဘီ၊ ခရီးဆောင်အိတ်အမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုးတို့ကို ပြည်တွင်း၌ပင်ချုပ်လုပ်၍ ရန်ကုန်မြို့နှင့်တကွ မြန်မာပြည်အရပ်ရပ်သို့ လက်လီ၊ လက်ကား ဖြန့်ဖြူးရောင်းချလျက် ရှိပါသည်။

ဝယ်ယူသုံးစွဲကြသူအားလုံးကို လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။ ယခုအခါ အတုအပ ပြုလုပ်သူများသည် S ဟူသော စာလုံး၏ ရှေ့နှင့်နောက်တွင် ဒီဇိုင်းပုံဖော်၍ S ဟူသော စာသားအပိုစာလုံးထည့်သွင်း ဒီဇိုင်းဖော်လျက်လည်းကောင်း ဆင်တူယိုးမှား ပေါ်ထွက်လာကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါသည်။ S ကုန်အမှတ်တံဆိပ်၏ ထင်ပေါ်လူသိများလာမှုအပေါ် အခွင့်ကောင်းယူလျက် S မှပင် ထုတ်လုပ်သယောင်ယောင်၊ ဆင်တူယိုးမှား ထင်ယောင်ထင်မှား ပြုလုပ်လာကြောင်း သိရှိရပါသည်။

အထက်ပါကုန်အမှတ်တံဆိပ်၏ တစ်ဦးတည်းပိုင်ရှင်ဖြစ်သည့် ဦးထွန်းကျော်၏ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို ထိခိုက်နစ်နာစေရန်အတွက် ကုန်အမှတ်တံဆိပ်၊အမည်၊အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုလည်းကောင်း၊ တစ်ခုလုံးကိုသော်လည်းကောင်း၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပ၍ မပြုလုပ်ကြရန် သတိပေးတားမြစ်ပါသည်။

အထက်ပါသတိပေးတားမြစ်ချက်ကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း လေးနက်စွာ သတိပေးတားမြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးအောင်နိုင်
တရားရုံးချုပ်ရှေ့နေ
တိုက် ၄၃/၄၄၊ ဗဟိုစည်အိမ်ရာဝင်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ပြည်သူ့ သဘောထား

- ★ တည်ငြိမ်မှုကို လိုလားသည်
- ★ အေးချမ်းမှုကို လိုလားသည်
- ★ ဆူပူအကြမ်းဖက်မှုကို မလိုလား

နယ်မြေအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းတွင် လင်းခေးခရိုင် ဟိုမိန်းမြို့သို့ ရောက်ရှိကြရာ ဌာနဆိုင်ရာများနှင့် ဒေသခံတိုင်းရင်းသားအဖွဲ့မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဟိုမိန်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ကွန်ပျူတာခန်း၊ သင်ကြားသင်ယူမှုပြခန်းနှင့် ကျောင်းစာကြည့်ခန်းတို့၌ ကျောင်းသား ကျောင်းသူများ ပညာသင်ယူနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၉ ကော်လံ ၄ ✻

သတင်းအညွှန်း

- ❒ မြေထဲပင်လယ်၏ ရေမျက်နှာပြင် အနှစ် ၅၀ အတွင်း မီတာဝက်တက်နိုင် စာ -၄
- ❒ ပြန်လည်ဆုံစည်းချင်ပါသော်လည်း — နိုင်ငံတကာမှုခင်း စာ -၆
- ❒ ဆားဘီးယားသမ္မတနိုင်ငံ — တိုး၏ သတင်းအက်ဆေး စာ -၇

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ငါးသလောက်များအဝင်များ၍ ဈေးနှုန်းချိုသာဆဲ ဖရဲသီး၊ ပန်းသီး လှိုင်လှိုင်ဝင်၊ မရန်းသီးစတင်ပေါ်

ဈေးကွက်သတင်းမြင်ကွင်း
မြင့်မောင်စိုး

ဓာတ်ပုံမှတ်တမ်း
အောင်သန်း(မင်္ဂလာတောင်ညွန့်)

ရန်ကုန် ဇန်နဝါရီ ၂၀

ယခုသီတင်းပတ်တွင် အခြေခံစားကုန်များဖြစ်သည့် သားငါးနှင့် ဆန်၊ ဆီဈေးနှုန်းများ ပုံမှန်ဖြစ်နေပြီး သစ်သီးဝလံဈေး၌ ခရမ်းမြို့နယ်မှ ဖရဲသီးများ လှိုင်လှိုင်ဝင်လာသည်။

သားငါးဈေး

သားငါးဈေးနှုန်းများ ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းက ပုဇွန်တောင်ဈေး၌ ဝက်သားတစ်ပိဿာလျှင် ကျပ် ၄၈၀၀မှ ကျပ် ၅၀၀၀၊ ဝက်အူချောင်း ၁၀ ကျပ်သား ကျပ် ၁၀၀၀၊ အမဲသားတစ်ပိဿာကျပ် ၄၅၀၀၊



ဆိတ်သား တစ်ပိဿာ ကျပ် ၇၅၀၀မှ ကျပ် ၈၀၀၀၊ ကြက်သား တစ်ပိဿာကျပ် ၅၀၀၀ ဈေးပေါက်နေသည်။ ဒိုင်ဈေးမှာ မွေးမြူရေးကြက် တစ်ပိဿာလျှင် ကျပ် ၃၅၀၀ ဝန်းကျင်ရှိသည်။

စာမျက်နှာ ၉ ကော်လံ ၃ ■

လိမ္မော်သီး

သီရိမင်္ဂလာ ဈေးကြီးတွင် လိမ္မော်သီးများကို ဤသို့ ရောင်းချလျက်ရှိသည်။

(မြန်မာ့အလင်း)

- ★ မိုးလုံးပြည့် မုသာဝါဒီ RFA VOA နှင့် BBC
- ★ RFA VOA BBC အဖျက်သမားများ သတိထား
- ★ RFA VOA နှင့် BBC လေလှိုင်းပေါ်က လူသတ်သမားများ ပြည်သူအားလုံး သတိထား